# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မုန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၃၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး

## နိုင်ငံ့အရေးသည် ပထမ၊ ပါတီအရေးသည် ဒုတိယဖြစ်ပြီး နိုင်ငံနှင့်ပါတီယှဉ်လာပါက နိုင်ငံ့အကျိုးကိုသာ ဦးစားပေးရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာ သီတာဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

❖ **ပါတီစုံဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း လိုလားချက်များကို အကြမ်းဖက်သည့်လမ်းစဉ်ဖြင့် လက်နက်ကိုင်၍ တောင်းဆို၍မရဘဲ ဥပဒေအရသာ တောင်းဆိုရမည်ဖြစ်**

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က

*စာမျက်နှာ ၄ ကော်လံ ၁* ❐


**ယနေ့ ဖတ်စရာ**

**ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်း** — ပြည်တွင်းသတင်း | စာ ၃

**စိုးနှောင့်ဗျာပွေ မဖြစ်လေနှင့်...** — ဆောင်းပါး | စာ ၆

**(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ စတုတ္ထနေ့ ဆက်လက်ခင်းကျင်းပြသ** — ပြည်တွင်းသတင်း | စာ ၁၁

## လူမျိုးရေးမုန်းတီးအောင် ဖန်တီးမှုနှင့် အစွန်းရောက်စိတ်ဓာတ်များကို ဆန့်ကျင်ရှုတ်ချ

တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတွင် အစွန်းရောက်အမျိုးသားရေး စိတ်ဓာတ်နှင့် ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒတို့ကို လူမျိုးစုများအတွင်း မြှင့်တင်မှုပြုလုပ်ခြင်း၊ လူမျိုးရေးမုန်းတီးမှုများ၊ ပဋိပက္ခများ ဖြစ်ပေါ်လာအောင် ဖန်တီးခြင်းတို့က နိုင်ငံနှင့် ပြည်သူများ အားလုံးအတွက် လွန်စွာအန္တရာယ်ကြီးသည်။ ကမ္ဘာ့နိုင်ငံများစွာတို့တွင် လူမျိုးစုများ အတူတကွ ယှဉ်တွဲနေထိုင် ပူးပေါင်းလုပ်ကိုင်ရေး သို့မဟုတ် လူမျိုးစုစည်းလုံးညီညွတ်ရေးသည် ခက်ခဲသလောက် လူမျိုးရေးဆိုင်ရာ စိတ်ဓာတ်ကို မီးထိုးပေးပြီး သီးခြားဝိသေသလက္ခဏာများ ပြသခွဲခြားခြင်းက လွယ်ကူသည်ဖြစ်ရာ ရန်လိုစိတ်ရှိသည့် လူမျိုးစုခေါင်းဆောင်တို့က ယင်းနည်းလမ်းကို အသုံးချပြီး အာဏာကို ရယူလေ့ရှိကြသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီကာလ ဟစ်တလာ၏ နာဇီပါတီက ဂျာမန်လူမျိုးတို့ကို အာရီယန်အနွယ်ဝင် မဟာလူမျိုးကြီးအဖြစ် ဝါဒဖြန့်ခဲ့ပြီး ဂျူးလူမျိုးများ၊ ဆလဗ်လူမျိုးများကို မုန်းတီးစေရန် လှုံ့ဆော်ခဲ့ကြသည့်ဥပမာမှာ ထင်ရှားသည့် ဥပမာတစ်ခုဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံရှိ တိုင်းရင်းသားအကြမ်းဖက်သောင်းကျန်းသူ အချို့မှာလည်း ဟစ်တလာ၏ လမ်းစဉ်ကိုလိုက်ကာ အတူနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူများအကြား လူမျိုးတစ်မျိုးနှင့်တစ်မျိုး အထင်အမြင်လွဲမှားစေရန်၊ နာကြည်းမုန်းတီးမှုများ ဖြစ်ပေါ်စေရန် ဖန်တီးလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို တိကျသည့် အမျိုးသားနယ်နိမိတ် (National Territories) အတွင်း နေထိုင်နေကြခြင်းမဟုတ်ဘဲ ရောနှောပျံ့နှံ့နေထိုင်ကြခြင်းဖြစ်ပြီး လူမျိုးရေး၊ ဘာသာရေးတို့အရ လူနည်းစုများလည်း ရှိနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ မြို့တော်များ၊ မြို့ကြီးများ စသည်တို့တွင် တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်ကြပြီး စီးပွားရေး၊ ပညာရေး၊ လူမှုရေးအရလည်း အပြန်အလှန် ကူးလူးဆက်ဆံနေကြရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပါရှိသော ပြဋ္ဌာန်းချက်များအရ တိုင်းရင်းသားများအားလုံး၊ နိုင်ငံသားများအားလုံး လူမျိုးကြီး၊ လူမျိုးငယ်ဟူ၍မရှိ တန်းတူသာဖြစ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးကိုလည်း အဆင့်အတန်းခွဲခြား၍မထား၊ အတူတူသာလျှင် ဖြစ်သည်။ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။ အခွင့်အရေးများလည်း အညီအမျှပင် ခံစားခွင့်ရှိသည်။ မိမိနှင့် မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း မွေးဖွားသည့် တိုင်းရင်းသားမှဖြစ်သည့် နိုင်ငံသားတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ်တွင်လည်း သစ္စာရှိ၊ အရည်အချင်းတို့နှင့်လည်း ပြည့်စုံလျှင် နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သော သမ္မတလည်း ဖြစ်ခွင့်ရှိသည်။ ဗမာလူမျိုးသာလျှင် ဖြစ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်းမဟုတ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ရွေးကောက်ခံအစိုးရ နှစ်ဆက်မျှသာရှိသေးရာ နိုင်ငံတွင် ဒီမိုကရေစီသက်တမ်း ရင့်ကျက်လာသည်နှင့်အမျှ နိုင်ငံသား၊ တိုင်းရင်းသားတို့၏ အခွင့်အရေးများ ပိုမိုပီပြင်စွာ တွေ့ရှိလာမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ တိုင်းရင်းသားလူမျိုးများစွာ အတူတကွ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံအတွင်း လူမျိုးရေးအစွန်းရောက် လှုံ့ဆော်မှုများ၊ လူမျိုးရေး မုန်းတီးမှုနှင့် ပဋိပက္ခများ ဖြစ်ပေါ်အောင် ဖန်တီးမှုများကို ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးက တစ်ခဲနက်ရှုတ်ချကြရမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးအားလုံး အပြန်အလှန်ချစ်ခင်လေးစားမှု၊ နားလည်ယုံကြည်မှု၊ ရိုင်းပင်းကူညီမှုများ ခိုင်မြဲသည်ထက် ခိုင်မြဲအောင် တည်ဆောက်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်ရေးသည် မိမိတို့အားလုံး၏ အမျိုးသားရေးတာဝန်အဖြစ် စွဲမြဲစွာ ခံယူကြရပါမည့်အကြောင်း။ ။

## သီပေါမြို့နယ်၌ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲ သံဃာတော်အပါး ၈၃၀ ဝင်ရောက်ဖြေဆို



**သီပေါ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲကို ယနေ့နံနက်က ဆင်ကျော့ဘုန်းတော်ကြီးကျောင်း စာဖြေဌာန၌ကျင်းပရာ မြို့နယ်သံဃနာယက ဆရာတော် အမှူးပြုသော သံဃာတော်များကြီးကြပ်မှုဖြင့် သံဃာတော် ၅၂၈ ပါး ဝင်ရောက်ဖြေဆိုတော်မူသည်။

ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲသို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ် အမှူးပြုသည့် ကြီးကြပ်ဆရာတော်များ၊ နာယက ဦးစိုင်းစံတင့်၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးစိုင်းစိန်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြပြီး စာဖြေသံဃာတော်များ၏ ဆွမ်း၊ ကွမ်းဝေယျာဝစ္စအတွက် မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့က အလှူငွေ တစ်သိန်းငါးသောင်း ကျော်ကို ဥက္ကဋ္ဌ ဆရာတော်ထံ လှူဒါန်းကာ ဂုဏ်ပြုအနုမောဒနာ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

အဆိုပါ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲကို သီပေါမြို့နယ် နမ့်လန်မြို့လယ်ကျောင်းတိုက် စာစစ်ဌာန၌လည်း ရှင်သာမဏေနှင့် သံဃာတော်များ ၃၀၂ ပါး ဝင်ရောက်ဖြေဆိုတော်မူကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြု လက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁ - ၅၄၁၄၁၃၊ ၀၁ - ၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပြည်ထောင်စုနေ့နှင့် အမျိုးသားရေးတာဝန်"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပါယ်မကြောက်၊ ငရဲမကြောက် သတ်ဖြတ်နေကြသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်



**ပုသိမ် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကျုံပျော်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၇ ခုမှ ပြည်သူ ၆၂၈ ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂၁ ခုမှ ပြည်သူ ၅၀၁ ဦး စုစုပေါင်း ၁၁၂၉ ဦး တက်ရောက်ပြီး လက်တွေ့ စမ်းသပ်မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။ (ဓာတ်ပုံ)

စမ်းသပ် မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း အစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ


အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း

အမိန့်ကြော်ငြာစာအမှတ် ၃၂ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၈/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော အရန်တပ်ဖွဲ့ဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

(ပုံ)

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၆ အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ထ) | စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အတွင်းရေးမှူး |
| (ဒ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

**အမိန့်အရ**

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

## မြို့နယ်ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များ ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာပေးအပ်သည်။ ယင်းနောက် မြို့နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ကြောင်း၊ ယင်းဥပဒေသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ယခင်ကတည်းကပင် ပြဋ္ဌာန်းခဲ့သည့်ဥပဒေဖြစ်

**✻ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်လိုကြောင်း၊ သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားသာ တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသည့်အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်**

**✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**

❒ *ရွှေဖုံးမှ*

ဆွေးနွေးပြောကြားရာ၌ ဇန်နဝါရီပထမပတ်အတွင်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပြီးနောက် နိုင်ငံရေးပါတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလွယ်ကူစေရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဦးစွာပြင်ဆင်ပေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့် ဥပဒေပြင်ဆင်မှုများအား ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်သော်လည်း ပါတီများအနေဖြင့်လည်း ကိုယ်ပိုင်ကြိုးစားအားထုတ်မှုများဖြင့် ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ **တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့် ခိုင်မာစေရေးကို အာမခံထားပြီးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီများအနေဖြင့် ပါတီနိုင်ငံရေးလှုပ်ရှားမှုရှိရမည်ဖြစ်သကဲ့သို့ နိုင်ငံ့အရေးကို ဆောင်ရွက်သည့်နိုင်ငံရေးကိုလည်း ဆောင်ရွက်ရန်လိုကြောင်း။**

**ပါတီဝင်များ၏ဝန်းရံမှုများ ခိုင်မာရန်လို**

ပါတီများအနေဖြင့် တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုသည့်ပါတီ၊ ဒေသကို ကိုယ်စားပြုသည့်ပါတီ၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံကိုယ်စားပြုသည့်ပါတီဟူ၍ ရှိကြောင်း၊ ပါတီများသည် ခိုင်ခိုင်မာမာဖြစ်ရန်လိုပြီး ပါတီတွင်း ဒီမိုကရေစီတည်ဆောက်ရန်လည်း လိုကြောင်း၊ ပါတီကို ဦးဆောင်သူမရှိသဖြင့် ပါတီယိမ်းယိုင်ခြင်း၊ ပျက်စီးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပါတီဖျက်သိမ်းရခြင်းများ မဖြစ်စေလိုဘဲ ခိုင်ခိုင်မာမာရှိစေလိုကြောင်း၊ ထို့ကြောင့် ခိုင်မာသည့်ပါတီတည်ဆောက်မှုဖြစ်ရန်လိုပြီး ပါတီဝင်များ၏ ဝန်းရံမှုများ ခိုင်မာရန်လိုကြောင်း၊ မိမိတို့ပါတီအလိုက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စည်းလုံးညီညွတ်မှု လက္ခဏာသည်လည်း ခံ့ခံ့ညားညားရှိရန်လိုကြောင်း။

ပါတီများ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဥပဒေအရ လုပ်နိုင်ကိုင်နိုင်သည့်အခြေအနေတွင် ရှိစေရေး လိုအပ်သည့် ပြင်ဆင်မှုများကို လုပ်ပေးပြီးဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံရေးအရ၊ လုံခြုံရေးအရ လုပ်နိုင်ကိုင်နိုင်သည့် အနေအထားတွင်ရှိရန်လည်း လိုမည်ဖြစ်ကြောင်း၊ အချို့သောမြို့နယ်များ၌ လုံခြုံရေးအရ ပါတီလှုပ်ရှားမှုများ ဆောင်ရွက်ရန် အခက်အခဲရှိမည်ဖြစ်သော်လည်း ပါတီများအလိုက် မိမိတို့လုပ်နိုင်သည့်အခြေအနေတွင်ရှိသည့် ဒေသများ၌ ပါတီလှုပ်ရှားမှုများကို ပြည်သူလူထုနှင့် အဆက်မပြတ် ထိတွေ့ဆောင်ရွက်နေရန်လိုကြောင်း၊ ပါတီဖွဲ့စည်းထားသည့် မြို့နယ်များ၊ ဖွဲ့စည်းရန်ရည်ရွယ်ထားသည့်မြို့နယ်များ၌ အရှိန်အဟုန်ဖြင့် လှုပ်ရှားမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပါတီနိုင်ငံရေးဆိုသည်မှာ မိမိတို့ပါတီ၏မူဝါဒများကို ပြည်သူအများက လက်ခံလာအောင်၊ ပါတီဝင်များဖြစ်လာအောင် လုပ်ဆောင်ခြင်းဖြစ်ပြီး ပါတီနိုင်ငံရေးမှတစ်ဆင့် နိုင်ငံ့အရေးကို ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **နိုင်ငံ့အရေးသည် ပထမ၊** ပါတီအရေးသည် ဒုတိယဖြစ်ပြီး နိုင်ငံနှင့် ပါတီယှဉ်လာပါက နိုင်ငံ့အကျိုးကိုသာ **ဦးစားပေးရန်လိုပြီး** နိုင်ငံသည်သာလျှင် အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ပါတီအရေးကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံ့အရေးကိုလည်း စဉ်းစားဆောင်ရွက်သည့် အလေ့အကျင့်ကို ဖော်ဆောင်ကျင့်သုံးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိနိုင်ငံ့အရေးနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများက ပါဝင်ဆောင်ရွက်ရန် အချက်သုံးခုရှိကြောင်း။

**စီးပွားရေးတိုးတက်အောင် ကြိုးပမ်း**

နိုင်ငံ၏ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးဖြစ်သည့်အတွက် ပါတီများအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ ၅၆ သန်းအနက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ ဆောင်ရွက်သူ ၄၈ ဒသမ ၂ ရာခိုင်နှုန်း၊ လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်သူ ၁၄ ဒသမ ၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်သူ ၁၀ ဒသမ ၄ ရာခိုင်နှုန်း၊ အခြေခံအလုပ်သမား ဆောင်ရွက်သူ ၁၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး နိုင်ငံ့လူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ယင်းကဏ္ဍကြီး ၄ ရပ်ကိုသာ အခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီး ၄ ရပ် တိုးတက်စေရေး၊ ပိုမိုအားကောင်းလာစေရေး ပါတီများအနေဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက ပါတီဝင်များဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ့အရေးအဖြစ် ခံယူ၍ ပါတီများအနေဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။**

**■ နိုင်ငံရေးပါတီများသည် ဥပဒေပြုရေးကဏ္ဍများအတွက် လွှတ်တော်များတွင် ပါဝင်ဆောင်ရွက်ကြကြောင်း၊ ဥပဒေပြုရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပါတီခေါင်းဆောင်များအနေဖြင့် ဥပဒေကို ပိုမိုနားလည်သိရှိရန်လို**

**■ ပါတီတွင်းနှင့် ပါတီများစည်းလုံးညီညွတ်ရေးသည်လည်း အရေးကြီးကြောင်း၊ ယခုအတည်ပြုပြီးသာ ပါတီများသည် တရားဝင်ခွင့်ပြုထားသည့် နိုင်ငံရေးဦးဆောင်ပါတီများဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံလိုက်နာရန် လိုအပ်ပြီး ထိခိုက်စေမည့်ကိစ္စရပ်များ မပြုလုပ်ရန်လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ကြရန်လို**

ပညာရေးနှင့်ပတ်သက်ပါကလည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များစွာ ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်နိုင်ငံတော်ကို ပညာတတ်လူသားအရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေးအတွက်လည်း ပါတီများအလိုက် ကြိုးစားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လက်ရှိအချိန်၌လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အချို့သောနယ်မြေများ၌ ကျောင်းနေအရွယ်ကလေးငယ်များစွာ၏ ပညာရေး များစွာထိခိုက်နစ်နာနေရကြောင်း၊ ပညာရေးတွင် အားနည်းချက်များရှိခဲ့ပါက နောင်အနာဂတ်နိုင်ငံတော်အတွက် အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ပြီး အတွေးအခေါ်၊ အသိအမြင်နှင့် စည်းကမ်းလိုက်နာမှုအပိုင်းတို့၌ ကွာဟမှုများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ကလေးငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ကောင်းမွန်သည့်လမ်းကြောင်းပေါ်မှ မြှင့်တင်ပေးနိုင်ရေး၊ လမ်းညွှန်ပေးနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **ပါတီများအနေဖြင့်လည်း နိုင်ငံ့အရေး ဆောင်ရွက်ရာတွင် စီးပွားရေးအရ၊ ပညာရေးအရ မြှင့်တင်မှုအခန်းကဏ္ဍ၌ ပါဝင်လာစေရေး တိုက်တွန်းပြောကြားရခြင်းဖြစ်**ကြောင်း။

**ဖက်ဒရယ်စနစ်အပေါ်တွင် ယုံကြည်မှုပိုမိုရှိလာမည်**

တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် ယခုအချိန်အထိဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင်သာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ပါတီစုံဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း လိုလားချက်များကို အကြမ်းဖက်သည့်လမ်းစဉ်ဖြင့် လက်နက်ကိုင်၍ တောင်းဆို၍မရဘဲ ဥပဒေအရသာ တောင်းဆိုရမည်ဖြစ်**ကြောင်း၊ နိုင်ငံရေးနည်းလမ်းအရ ဆောင်ရွက်ခြင်းမပြုဘဲ လက်နက်ကိုင်၍ တောင်းဆိုခြင်းကို တပ်မတော်အနေဖြင့် လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍လည်း တပ်မတော်အနေဖြင့် သဘောတူညီထားပြီးဖြစ်ပြီး ပြင်ဆင်သင့်သည့်ဥပဒေများကို လွှတ်တော်လမ်းကြောင်းပေါ်၌ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးပါက ပြည်ထောင်စုမှဥပဒေကဲ့သို့ အာဏာတည်သောအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ဆောင်ပေး၍ရကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ဖက်ဒရယ်စနစ်အပေါ်တွင် ယုံကြည်မှုပိုမိုရှိလာမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်၍ ရသည်များရှိသော်လည်း မလုပ်သည့်အတွက် အချို့နေရာများတွင် အခက်အခဲများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရေးအတွက် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ကြောင်း၊ ယင်းဥပဒေသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ယခင်ကတည်းကပင် ပြဋ္ဌာန်းခဲ့သည့်ဥပဒေဖြစ်**ကြောင်း၊ ယင်းဥပဒေနှင့်ပတ်သက်၍ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမည်ဖြစ်ပြီး **နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်လိုကြောင်း၊ သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားသာ တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသည့် အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

**ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်**

ထို့ပြင် အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့်အမိန့်ကိုလည်း ယနေ့တွင် စတင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းများအနေဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားတွင် ပြန်လည်ထမ်းဆောင်ရန် တောင်းဆိုမှုများပြားလာသဖြင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူ တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းဥပဒေနှစ်ရပ်ကိုအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားသည် မဖြစ်မနေကောင်းမွန်နေရန်လိုကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာလျှင် နိုင်ငံရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားများလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်ပါက မိမိတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို**

*စာမျက်နှာ ၅ သို့*

**❝ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့ခြေထောက်ပေါ်တွင်သာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းအားကို ဖော်ဆောင်ပေးရန်အတွက် နိုင်ငံရေးပါတီများသည်လည်း ပါဝင်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထင်မြင်ချက်များ များစွာပေးကြကြောင်း၊ ယင်းအတွက် ပြည်သူများ အသိပညာအားကောင်းစေရေး ပညာရေးအားကောင်းအောင် ဆောင်ရွက်သွားရမည်ဖြစ် ❞**

# ပါတီများအနေဖြင့်လည်း နိုင်ငံ့အရေးဆောင်ရွက်ရာတွင် စီးပွားရေးအရ ပညာရေးအရ မြင့်တင်မှုအခန်းကဏ္ဍ၌ ပါဝင်လာစေရေး တိုက်တွန်းပြောကြားရခြင်းဖြစ်

*စာမျက်နှာ ၄ မှ*

**တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်**ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် ပဌမအချက်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာဖြစ်မြောက်စေရေး အုပ်ချုပ်သူအစိုးရတစ်ခုတည်းမရဘဲ နိုင်ငံရေးပါတီများ၊ တိုင်းသူပြည်သားများအားလုံး ပါဝင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံကို ကိုယ်စားပြုမည့်သူများကို နိုင်ငံရေးပါတီများမှသာ ရွေးချယ်ရမည်ဖြစ်သဖြင့် နိုင်ငံရေးပါတီများနှင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံ့အကျိုးအတွက် ဆွေးနွေးကြရန်နှင့် လိုအပ်သည်များကို အကြံပြုကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေးပြောကြား

ထို့နောက် တက်ရောက်လာကြသော မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပါတီတစ်ခုချင်းစီအလိုက် လိုအပ်ချက်များ၊ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ပါတီရုံးများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရန်လိုအပ်မှုနှင့် ထောက်ခံမှု၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ပါတီများအနေဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားကဏ္ဍအသီးသီးတွင် ပါဝင်အားဖြည့် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့်ကိစ္စရပ်များနှင့် ပါတီများ၏ တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးပြီး လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေဆိုင်ရာကိစ္စ၊ နိုင်ငံခြားရေးမူဝါဒဆိုင်ရာကိစ္စများနှင့် ပါတီနိုင်ငံရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှုဆိုင်ရာများနှင့် ပတ်သက်သည့် ဥပဒေရေးရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြသွားကြကြောင်း၊ **နိုင်ငံရေးပါတီများသည် ဥပဒေပြုရေးကဏ္ဍများအတွက် လွှတ်တော်များတွင် ပါဝင်ဆောင်ရွက်ကြကြောင်း၊ ဥပဒေပြုရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပါတီခေါင်းဆောင်များအနေဖြင့် ဥပဒေကို ပိုမိုနားလည်သိရှိရန်လိုကြောင်း၊** ဝန်ထမ်းများအနေဖြင့် ဆန္ဒမဲပေးရာတွင် ကြိုက်နှစ်သက်သည့်ပါတီကို မဲပေး၍ရသော်လည်း ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း။

**ပါတီတွင်းနှင့် ပါတီများစည်းလုံးညီညွတ်ရေး သည်လည်း အရေးကြီးကြောင်း၊** ယခုအတည်ပြုပြီးသော ပါတီများသည် တရားဝင်ခွင့်ပြုထားသည့် **နိုင်ငံရေးဦးဆောင်ပါတီများဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံလိုက်နာရန် လိုအပ်ပြီး ထိခိုက်စေမည့်ကိစ္စရပ်များ မပြုလုပ်ရန်လိုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ကြရန်လိုကြောင်း။**

**ပညာရေးအားကောင်းအောင် ဆောင်ရွက်**

**တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊** ထို့ကြောင့် မိမိတို့ခြေထောက်ပေါ်တွင်သာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း အားကိုဖော်ဆောင်ပေးရန်အတွက် နိုင်ငံရေးပါတီများသည်လည်း ပါဝင်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ထင်မြင်ချက်များ များစွာပေးကြကြောင်း၊ ယင်းအတွက် ပြည်သူများ **အသိပညာအားကောင်းစေရေး ပညာရေးအားကောင်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊** အသိပညာအားကောင်းပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသူများ မွေးထုတ်ပေးနိုင်ရေး အချိန်ပေး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများသည် မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်နေသည်များရှိကြောင်း၊ **တိုင်းရင်းသားအားလုံး ပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ရှိရန်လိုကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ဒို့တာဝန်အရေးသုံးပါးကို အလေးထားမည်ဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အသိဉာဏ်အား နည်းပါးမှုများကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေလျက်ရှိကြောင်း၊** ထို့ကြောင့် ညီညွတ်ခြင်းအင်အားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ **နိုင်ငံ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေမည့်လုပ်ရပ်များ မလုပ်ဆောင်မိစေရေး သတိထားဆောင်ရွက်ကြစေလိုကြောင်း။**

ပါတီများအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအားလုံး ဆောင်ရွက်ရာတွင် ဥပဒေနှင့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက ကောင်းသည့်ရလဒ်များ ရရှိမည်ဖြစ်ပြီး မကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက မကောင်းသည့်ရလဒ်များ ရရှိမည်ဖြစ်**ကြောင်း၊ ဥပဒေပြုမဏ္ဍိုင်တွင် ဆောင်ရွက်ရမည့် ပါတီများအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်သည် လာမည့်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေသည့်ကာလဖြစ်ပြီး လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **တိုင်းရင်းသားအားလုံးပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ်ရှိရန်လို၊ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ဒို့တာဝန်အရေးသုံးပါးကို အလေးထားမည်ဖြစ်၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အသိဉာဏ်အားနည်းပါးမှုများကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေလျက်ရှိ**
- **နိုင်ငံ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ထိခိုက်စေမည့်လုပ်ရပ်များ မလုပ်ဆောင်မိစေရေး သတိထားဆောင်ရွက်ကြစေလို**
- **ကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက ကောင်းသည့်ရလဒ်များရရှိမည်ဖြစ်ပြီး မကောင်းသည့်စိတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက မကောင်းသည့်ရလဒ်များရရှိမည်ဖြစ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ပြည်ပနိုင်ငံများရှိ မြန်မာသံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များအနက် နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒခံယူရန် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးနှင့် သံရုံးယာယီတာဝန်ခံ ၁၉ ဦးနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် သံအမတ်ကြီးလေးဦးတို့အား တွေ့ဆုံသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံရုံးအကြီးအကဲများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို တာဝန်ကျရာ ကမ္ဘာ့နယ်ပယ်အသီးသီးရှိနိုင်ငံများ၌ ပေးအပ်သောတာဝန်များကို ထမ်းဆောင်နေကြသည့်အတွက် အရေးကြီးကြောင်း၊ သံရုံးအကြီးအကဲများအနေဖြင့် ဆောင်ရွက်နေသည့်၊ တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြနိုင်ရန်၊ နိုင်ငံတော်၏မူဝါဒများကို အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်စေရန် ခေါ်ယူတွေ့ဆုံရခြင်းဖြစ်ကြောင်း။

နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရန် ပြည်ပတွင် တာဝန်ထမ်းဆောင်နေသော သံရုံးအကြီးအကဲများနှင့် သံရုံးဝန်ထမ်းများသာမက နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများတွင်ပါ တာဝန်ရှိကြောင်း၊ မူဝါဒကို အကောင်အထည်ဖော်ရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရဘဲ နိုင်ငံတကာတွင် ယှဉ်ပြိုင်မှုဖြင့် ဆောင်ရွက်ရသည်ဖြစ်သဖြင့် မိမိအကြောင်း ပြိုင်ဘက်အကြောင်းကို ပြည့်စုံစွာသိရှိရန်လိုအပ်ကြောင်း၊ စုစည်းအားဖြင့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသောအခြေအနေများကို မျက်ခြည်မပြတ်စေဘဲ မိမိတို့၏မူဝါဒ အောင်မြင်အောင် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ သံတမန်၏ သဘောသဘာဝမှာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေကို သံအမတ်ကြီးများ သိရှိပြီးဖြစ်ကြောင်း၊ အားသာချက် အားနည်းချက်များကို သုံးသပ်၍ အခွင့်အလမ်းရှာဖွေပြီး နိုင်ငံ့အကျိုးစီးပွားကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း။



နိုင်ငံစုံဆက်ဆံရေး၊ ဒေသတွင်းဆက်ဆံရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးများတွင် အဓိကအားဖြင့် နိုင်ငံတော်နှင့်လူမျိုးအပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ သံအမတ်ကြီးများသည် သံတမန်အတွေ့အကြုံကောင်းများရှိထားသော ဝါရင့်သံတမန်များဖြစ်ကြကြောင်း၊ အချို့နိုင်ငံကြီးများမှ မမှန်မကန်ဖိအားပေးမှုများရှိသော်လည်း နိုင်ငံ့အကျိုးစီးပွားအတွက် ကြံ့ကြံ့ခံ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများက မြန်မာနိုင်ငံနှင့် ၎င်းတို့ တာဝန်ထမ်းဆောင်လျက်ရှိသောနိုင်ငံများ၏ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ၊ ဆက်ဆံရေးတိုးမြှင့်ရန် ဆောင်ရွက်မှုအခြေအနေ၊ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံအပေါ်ထားရှိသော သဘောထားများ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနှင့် နိုင်ငံ့အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များကို တင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုးနှောင့်ဗျာပွေ မဖြစ်လေနှင့်...

**အိုးစားဖက်**


❐ တပ်မတော်သားတစ်ခါဖြစ်ဖူးရင် ထာဝရစစ်သားဖြစ်သွားတယ်ဆိုတဲ့စကားကို ကြားဖူးခဲ့တာ။ အခုလို အိုးစားဖက်ကို လိုက်ဆက်သွယ်နေတဲ့ စစ်သားဟောင်းကြီးကို မျက်မြင်တွေ့လိုက်ရတော့ တပ်မတော်အပေါ်၊ တိုင်းပြည်အပေါ်ထားတဲ့ သူတို့ရဲ့စိတ်စေတနာကို လေးစားမိပါတယ်။ သူဆိုရင် စစ်သားပီပီသသနဲ့ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့တယ်

❐ တကယ်တော့ ဥပဒေအာဏာတည်သွားပေမယ့် လက်တွေ့ကျင့်သုံးနိုင်ဖို့အတွက် အဆင့်ဆင့်ဆောင်ရွက်ရမှာတွေ ရှိပါသေးတယ်။ လိုအပ်တဲ့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေစသည်ဖြင့် လုပ်ငန်းစဉ်တွေအများကြီးကျန်ပါသေးတယ်။ လောလောဆယ်တော့ ရှိပြီးသားဥပဒေတစ်ခုကို အသက်ဝင်အောင် ဆောင်ရွက်ခြင်းအဆင့်ပဲရှိ


❖ ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ။
❖ သူများမောင်မှာ
စစ်သံကြားလျှင် နာဖျားဥပါယ်ခိုကြတယ်။
❖ နှမလေးမယ်တို့မောင်မှာ
စစ်သံကြားလျှင် ရွှေခါးပိုက်ကာ
အိုးစားဖက်ကို လိုက်လို့ရှာသည်
ရိက္ခာကနည်း မိုးကသည်းနှင့်
သင်းတွဲကိုကူးပါလိမ့်မလားတော်။

(စစ်မှာတစ်မူ အိုင်ချင်းမှ)

ပင်စင်ယူထားတာ မကြာသေးတဲ့ အသိတစ်ယောက်ဆီကိုပြီးခဲ့တဲ့ရက်က ရောက်သွားတယ်။ မိမိရောက်သွားတော့ သူက ဖုန်းပြောလက်စ။ "အေး... ငါစာရင်းသွားပေးမလို့...အဲဒါဘယ်မှာပေးရမလဲလို့ မင်းဆီလှမ်းမေးတာ...ဒါပဲနော်..." ဆိုပြီး ဖုန်းချလိုက်တယ်။ ကျွန်တော့်ကို ကြည့်ပြီး "အေး... မင်းရောက်လာလို့ နို့မို့ဆို ငါသွားတော့မလို့ အထုပ်ပြင်ပြီးပြီ၊ အခုတောင်ဘယ်မှာသတင်းပို့ရမလဲလို့မေးနေတာ"ဟု နောက်သလိုနဲ့ပြောတော့ ကျွန်တော်က"ဘာလဲ"လို့ပြန်မေးလိုက်တယ်။

"အေး ငါတို့စစ်မှုထမ်းဟောင်းတွေ အရန်တပ်ဖွဲ့ဝင် (စစ်မှုထမ်းဟောင်း) စာရင်းပေးလို့ရတယ်ဆိုလို့ စာရင်းသွားပေးမလို့။ ငါက ဗိုလ်ကြီးရာထူးနဲ့ တပ်က အငြိမ်းစားယူတာဆိုတော့ အဲဒီရာထူးပြန်ပေးမယ်ပြောတယ်။ ငါ့ကို ဘာမှမပေးနဲ့၊ G-3 , G-4 လို လက်နက်တွေမပေးနဲ့။ ဟိုတုန်းက ရိုင်ဖယ်တစ်လက်ပဲပေး ကောင်းကောင်းပစ်ပြမယ်" တဲ့။ ကျွန်တော်ကတောင် စလိုက်သေးတယ်။ "ဘာလဲ ရိုင်ဖယ်တိုင်မကွယ်နဲ့၊ မိုင်နှစ်ဆယ်အသာလေးလား"လို့ဆိုတော့ "ဒီကောင်တွေကို ခံပြင်းလွန်းလို့၊ ငါတို့တုန်းက သံလွင်မြစ်ကို ဝါးဖောင်နဲ့ကူးပြီးတိုက်လာတာ၊ ဒီလောက်နည်းပညာတွေ တိုးတက်လာတဲ့ခေတ်ကျမှကွာ" လို့ အားမလို၊ အားမရပြောနေတာကိုကြည့်ပြီး အထက်က ဖော်ပြခဲ့တဲ့ တောင်တွင်းရှင်ငြိမ်းမယ်ရဲ့ စစ်မှာတစ်မူဆိုတဲ့ အိုင်ချင်းကိုသွားသတိရမိတာပါ။

**တိုင်းပြည်အပေါ်ထားတဲ့ စိတ်စေတနာကို လေးစားမိ**

တပ်မတော်သားတစ်ခါဖြစ်ဖူးရင် ထာဝရစစ်သားဖြစ်သွားတယ်ဆိုတဲ့စကားကို ကြားဖူးခဲ့တာ။ အခုလို အိုးစားဖက်ကို လိုက်ဆက်သွယ်နေတဲ့ စစ်သားဟောင်းကြီးကို မျက်မြင်တွေ့လိုက်ရတော့ တပ်မတော်အပေါ်၊ တိုင်းပြည်အပေါ်ထားတဲ့ သူတို့ရဲ့စိတ်စေတနာကို လေးစားမိပါတယ်။ သူဆိုရင် စစ်သားပီပီသသနဲ့ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့တယ်။ တပ်ဘက်ကနေ အရပ်ဘက်ကိုရောက်လာတော့လည်း ရိုးရိုးသားသား ကြိုးစားပြီး မိသားစုငါးယောက်ရဲ့ စားဝတ်နေရေးကို မညည်းမညူထမ်းခဲ့တာ၊ သားသမီးတွေကလည်း အရွယ်ရောက်လို့ သူတို့ဝန် သူတို့ထမ်းနိုင်တဲ့အချိန်မှာ သူကပင်စင်ယူ၊ ဘဝကို အေးအေးချမ်းချမ်းနဲ့ ဖြတ်သန်းရတော့မယ့်အချိန်မှာ နိုင်ငံတော်မှာ ဒီလိုအခြေအနေတွေဖြစ်လာတော့ ထာဝရစစ်သားကြီးရဲ့ တာဝန်ပြန်ယူချင်တဲ့စိတ်၊ အိုးစားဖက်ကိုလိုက်ရှာချင်တဲ့စိတ်ကို မလေးစားဘဲမနေနိုင် ဖြစ်ရပါတယ်။

**လူငယ်တွေကို လမ်းမှားရောက်အောင် တွန်းပို့လုပ်ဆောင်နေကြတာကို တွေ့မြင်**

သူ့ဆီကပြန်ရောက်ပြီး နောက်ရက်မှာပဲ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ရက်စွဲနဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခဲ့တာတွေ့ရပါတယ်။ ဒီဥပဒေဟာ ၂၀၁၀ ပြည့်နှစ်ကတည်းက အတည်ပြုပြီးသားဥပဒေဖြစ်ပါတယ်။ အချိန်အခါအရ လိုအပ်လာလို့ ဥပဒေအာဏာတည်ကြောင်း ထုတ်ပြန်ကြေညာတယ်လို့ ယူဆပါတယ်။ ဒါကို အခုချက်ချင်းပဲ စစ်ထဲလိုက်ရတော့မယ့်အတိုင်း လူမှုကွန်ရက်ပေါ်မှာ လူငယ်တွေကို လမ်းမှားရောက်အောင် တွန်းပို့လုပ်ဆောင်နေကြတာကို တွေ့မြင်ရပါတယ်။ တကယ်တော့ ဥပဒေအာဏာတည်သွားပေမယ့် လက်တွေ့ကျင့်သုံးနိုင်ဖို့အတွက် အဆင့်ဆင့်ဆောင်ရွက်ရမှာတွေ ရှိပါသေးတယ်။ လိုအပ်တဲ့ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ စသည်ဖြင့် လုပ်ငန်းစဉ်တွေအများကြီးကျန်ပါသေးတယ်။ လောလောဆယ်တော့ ရှိပြီးသားဥပဒေတစ်ခုကို အသက်ဝင်အောင် ဆောင်ရွက်ခြင်းအဆင့်ပဲ ရှိပါသေးတယ်။

**မျိုးဆက်သစ်လူငယ်တွေရဲ့အားများဖြစ်လာအောင် စုစည်းထားခြင်းဖြစ်**

ပြည်သူ့စစ်မှုထမ်းဥပဒေကို အသက်ဝင်အောင်ဆောင်ရွက်ခြင်းဟာ ပြည်သူလူထုပါဝင်တဲ့ကာကွယ်ရေးစနစ်တစ်ခု တည်ဆောက်ဖို့အတွက် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီး တစ်ရပ်ပေါ်ပေါက်လာဖို့ ရည်ရွယ်တယ်လို့ ထင်ပါတယ်။ လူငယ်များ ကြံ့ခိုင်ရေး၊ အမျိုးသားရေးစိတ်နိုးကြားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ်မှန်သောဖက်ဒရယ်စနစ်တည်ဆောက်ရေး၊ မြို့ရွာရပ်ကွက်များ စနစ်တကျ ကာကွယ်ရေးအတွက် မျိုးဆက်သစ်လူငယ်တွေကို တိုင်းပြည်ရဲ့အားများဖြစ်လာအောင် စုစည်းထားခြင်းဖြစ်တယ်လို့မြင်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူတွေရဲ့အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးနဲ့ မိမိတို့ရပ်ရွာဒေသ ကာကွယ်ရေးအတွက် ရပ်ရွာလူငယ်များစုစည်းပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအောက်ကနေ ခိုင်မာအားကောင်းတဲ့ ကာကွယ်ရေးအရန်တပ်ဖွဲ့ကြီး ပေါ်ပေါက်လာဖို့ ရည်ရွယ်တယ်လို့ထင်ပါတယ်။ တစ်နည်းအားဖြင့် မျိုးဆက်သစ်လူငယ်တွေ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်မှုထမ်းပြီးတဲ့နောက် အတွေးအခေါ်၊ အယူအဆတွေမှန်ကန်လာပြီး တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့စိတ်၊ မိမိတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်တွေကို သိမြင်လာမှာဖြစ်ပါတယ်။

**လူငယ်တွေကို ဆန့်ကျင်အောင် နည်းလမ်းမျိုးစုံနဲ့ လှုံ့ဆော်သွေးထိုးလှုံ့ဆော်နေ**

လက်ရှိအွန်လိုင်းပေါ်မှာတော့ ပြည်ဖျက်မီဒီယာတွေက ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး လူငယ်တွေစိတ်ဓာတ်ပျက်ပြားအောင်၊ တပ်မတော်ကို ဆန့်ကျင်အောင် နည်းလမ်းမျိုးစုံနဲ့ လှုံ့ဆော်သွေးထိုးပြီးတော့ အောက်လမ်းကနေ ပြည်ပကိုထွက်ကြတော့၊ လွတ်မြောက်နယ်မြေကိုလာခဲ့တော့ဆိုပြီး စည်းရုံးလှုံ့ဆော်နေကြပါတယ်။ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ နားမယောင်ဖို့လိုပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမအပြင်ဘက်မှာ ပြည်သူလူထုကို ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားသွားတဲ့ မိန့်ခွန်းထဲက စာပိုဒ်တစ်ခုကို ကောက်နုတ်ဖော်ပြချင်ပါတယ်။ ဒါကတော့ "ဗမာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ဗမာပြည်ကို ကာကွယ်ရမဲ့တာဝန်ဟာ ကျွန်တော်တို့တာဝန်ဖြစ်လာမယ်။ အရင်တုန်းကလို အေးအေးဆေးဆေးနေလို့ မဖြစ်တော့ဘူး။ ကျွန်တော်တို့တိုင်းပြည်အစိုးရလုပ်တဲ့လူတွေက တိုင်းပြည်ကာကွယ်ဘို့အတွက် ဗမာပြည်မှာ စစ်သားတွေနည်းတယ်ဆိုရင် ဗမာတိုင်း၊ ဗမာတိုင်းအရွယ်ရောက်တဲ့လူတွေမှန်သမျှ ကျန်းမာတဲ့လူမှန်ရင် စစ်ထဲမဝင်မနေရ၊ စစ်မှုမထမ်းမနေရဆိုပြီး စံနစ်နဲ့ဖြစ်လာလိမ့်မယ်။ နှစ်နှစ်တန်သည်ဖြစ်စေ၊ သုံးနှစ်တန်သည်ဖြစ်စေ စစ်ထဲမှာဝင်ရမယ်။ တိုက်ချင်၊ မတိုက်ချင် ဝင်တိုက်ရမှာဘဲ။ အဲဒါဟာ လွတ်လပ်ရေးရတဲ့အခါမှာ ဖြစ်မဲ့တာဝန်မျိုးဘဲ။" (သတ်ပုံမူရင်း) ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဆိုတာ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၇ နှစ်လောက်ကတည်းက မျှော်မှန်းခဲ့တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကြီးဖြစ်တယ်ဆိုတာ မျိုးဆက်သစ်တွေကို သိစေချင်တာပါ။ ။


❐ လက်ရှိအွန်လိုင်းပေါ်မှာတော့ ပြည်ဖျက်မီဒီယာတွေက ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး လူငယ်တွေ စိတ်ဓာတ်ပျက်ပြားအောင်၊ တပ်မတော်ကို ဆန့်ကျင်အောင် နည်းလမ်းမျိုးစုံနဲ့ လှုံ့ဆော်သွေးထိုးပြီးတော့ အောက်လမ်းကနေ ပြည်ပကိုထွက်ကြတော့၊ လွတ်မြောက်နယ်မြေကို လာခဲ့တော့ဆိုပြီး စည်းရုံးလှုံ့ဆော်နေကြပါတယ်။ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ နားမယောင်ဖို့လိုပါတယ်။

■ ဒီနေရာမှာ အလျဉ်းသင့်လို့ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမအပြင်ဘက်မှာ ပြည်သူလူထုကို ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားသွားတဲ့ မိန့်ခွန်းထဲက စာပိုဒ်တစ်ခုကို ကောက်နုတ်ဖော်ပြချင်ပါတယ်။ ဒါကတော့ "ဗမာပြည်လွတ်လပ်ရေးရတဲ့အခါမှာ ဗမာပြည်ကို ကာကွယ်ရမဲ့တာဝန်ဟာ ကျွန်တော်တို့တာဝန်ဖြစ်လာမယ်။ အရင်တုန်းကလို အေးအေးဆေးဆေးနေလို့ မဖြစ်တော့ဘူး။ ကျွန်တော်တို့တိုင်းပြည်အစိုးရလုပ်တဲ့လူတွေက တိုင်းပြည်ကာကွယ်ဘို့အတွက် ဗမာပြည်မှာ စစ်သားတွေနည်းတယ်ဆိုရင် ဗမာတိုင်း၊ ဗမာတိုင်းအရွယ်ရောက်တဲ့လူတွေမှန်သမျှ ကျန်းမာတဲ့လူမှန်ရင် စစ်ထဲမဝင်မနေရ၊ စစ်မှုမထမ်းမနေရဆိုပြီး စံနစ်နဲ့ ဖြစ်လာလိမ့်မယ်။ နှစ်နှစ်တန်သည်ဖြစ်စေ၊ သုံးနှစ်တန်သည်ဖြစ်စေ စစ်ထဲမှာဝင်ရမယ်။ တိုက်ချင်၊ မတိုက်ချင် ဝင်တိုက်ရမှာဘဲ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) မှ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ ဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ မွန်ပြည်သစ်ပါတီ (NMSP) မှ ဗဟိုကော်မတီဝင် နိုင်ဗညားမွန်၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ဗဟိုဦးစီးကော်မတီဝင် နန်းမိုးမိုးစောနှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဆက်ဆံရေးရုံး ဒုတိယတာဝန်ခံ ခွန်တီးလားတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကိုယ်စား KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့်ပတ်သက်ပြီး အဖွဲ့အစည်းများ၏ သဘောထားများ၊ အကြံပြုချက်များကို အမြင်ချင်းဖလှယ်၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် ခွန်ဥက္ကာနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာ စကားပြောကြားကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားပြည်သူလူထု၏အကျိုးကို ရှေးရှု၍ လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းရေးစားပွဲဝိုင်း၌ တွေ့ဆုံညှိနှိုင်းဖြေရှင်းကြရန်၊ ပဋိပက္ခကြောင့် လူသားချင်း စာနာထောက်ထားမှု အကူအညီလိုအပ်နေသည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးရေးနှင့် အကူအညီအထောက်အပံ့များ အမြန်ဆုံးရရှိရေး ပဋိပက္ခတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းကို တက်ရောက်လာကြသူများက တူညီသည့် သဘောထားကို ထုတ်ဖော်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း (၁၁၂) ဌာနတို့၌ ဖြေဆိုသူ ၁၃၄၀၁ ဦး၊ အောင်မြင်သူ ၁၁၂၉၈ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၂၉၅ ဦးရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ –

(၁) ပထမ
ခုံအမှတ် ဒဂတ–၁၁၈၊ ဒေါ်ကြည်ကြည်မာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ် တတ–၁၅၊ ဒေါ်သက်ပိုင်စိုး၊ တွံတေးစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ် ထီလာ–၅၆၊ ဒေါ်သန္တာစိုး၊ မိတ္ထီလာစာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၃ ဌာနတို့၌ ဖြေဆိုသူ ၁၈၇၆ဦး၊ အောင်မြင်သူ ၁၅၁၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၃၁၅ ဦး ရှိ၍ ပြည်တွင်း/ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ –

(၁) ပထမ
ခုံအမှတ် လှိုင်–၃၇၊ ဒေါ်မဉ္ဇူစိမ်း၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ် ပူရ–၁၇၊ ဒေါ်မွန်မွန်ရည်၊ အမရပူရစာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ် ဟပ–၂၊ မသုမနထေရီ၊ ဟိုပင်စာဖြေဌာန၊ ကချင်ပြည်နယ်။

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၂ ဌာနတို့၌ ဖြေဆိုသူ ၁၄၈၇ ဦး၊ အောင်မြင်သူ ၁၂၇၉ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၇၇ ဦးရှိ၍ ပြည်တွင်း/ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိသူများမှာ –

(၁) ပထမ
ခုံအမှတ် ဒိုက်–၅၊ ဒေါ်ဟေမာန်ငြိမ်းချမ်း၊ ဒိုက်ဦးစာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ် ခသ–၁၈၊ ဒေါ်အေးအေးသန်း၊ ချမ်းမြသာစည်စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ် အမဇ–၂၊ ဒေါ်မိမိရီ၊ အောင်မြေသာစံစာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

**သာသနာရေးဦးစီးဌာန**

## သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ပျော်ဘွယ်မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အသင်းပိုင် လယ်ယာမြေများအား ကြည့်ရှုစစ်ဆေး

**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အသင်းပိုင်လယ်ယာမြေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပျော်ဘွယ်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးဦးစီးမှူးက ဝန်ထမ်းအားလုံး အနေဖြင့် စည်းစည်းလုံးလုံးနှင့် တစ်စိတ်တစ်ဝမ်းတည်းရှိရန်လိုကြောင်း၊ အထက်အောက် အပြန်အလှန်လေးစားရန်လိုကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို နားလည်သဘောပေါက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပုံရိပ်ကိုပိုမိုကောင်းမွန်အောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် ဘုရားကြီးအုပ်စု ဥမင်ကျေးရွာ အောင်မြေ စိုက်/ထုတ် သမဝါယမအသင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်းပိုင်လယ်ယာမြေများကို အသင်းအမှုဆောင်အဖွဲ့ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ အသင်းအတွက် ဝင်ငွေရရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မွေး**



သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ပျော်ဘွယ်မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။

မြန်မာ့အလင်း ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ ၁၄၊ ၂၀၂၄

# စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်း စာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်းစာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခနနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က MSME လုပ်ငန်းများအနေဖြင့် နိုင်ငံအတွင်းမှ ထွက်ရှိသည့် သီးနှံ၊ အသား၊ ငါး တို့ကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ထုတ်ကုန်များကို ထုတ်လုပ်နေရာမှ Branded အဆင့်ထိ ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ထုတ်ကုန်အမယ်များ သတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ထိုသို့ ရွေးချယ်သတ်မှတ်သည့် လုပ်ငန်းများအနေဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများ အချိန်မီရရှိရန် လိုအပ်ကြောင်း၊ မြေပြင်တွင် အမှန်တကယ် အောင်မြင်နိုင်မည့် လက်တွေ့ကျသော လုပ်ငန်းများရှိပါက ဝိုင်းဝန်းအကြံပြုပေးစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော မြေနေရာများ ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေယာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးများ ကျင်းပ၍ သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် အမှုတွဲများတင်ပြလာပါက ဝန်ကြီးဌာနအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချက်ချင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိပြီး အမှန်တကယ် အလုပ်လုပ်ကိုင်သော လုပ်ငန်းများကိုသာ ရွေးချယ်၍ ချေးငွေများ ထုတ်ချေးပေးပါက ထုတ်ကုန်များ ပိုမိုထွက်ရှိပြီး ပြည်ပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အောင်မြင်မှုရရှိနိုင်မည့် အဖြစ်နိုင်ဆုံးလုပ်ငန်းများကိုသာ ရွေးချယ်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဝန်ကြီးဌာနအနေဖြင့် သစ်တောကဏ္ဍနှင့် သစ်တောထွက်ပစ္စည်းများ၊ အခြေခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သစ်ထုတ်လုပ်မှုလုပ်ငန်းများကို သုံးနှစ် ရပ်ဆိုင်းထားပြီး ယခုအခါ တစ်နှစ်လျှင် တန် ၆၀၀၀ ကျော်သာ ပြန်လည်ထုတ်လုပ်လျက်ရှိသဖြင့် သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ကုန်ကြမ်းများ လိုအပ်ချက်ရှိမည်ဖြစ်၍ စနစ်တကျ စဉ်းစားသုံးသပ်ဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကူညီဖြည့်ဆည်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ဒေသအတွင်း ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်းလုံလောက်မှုမှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product–OROP) အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှုအရ သက်ဆိုင်ရာဒေသအလိုက် OROP ထုတ်ကုန်အမယ်များ ရွေးချယ်၍ Action Plan များ ရေးဆွဲဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေးအတွက် ရွေးချယ်သတ်မှတ်ထားမှု အခြေအနေ၊ ဒေသတွင်းရှိ MSME များ၏ လက်ရှိလုပ်ငန်းလည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဆွေးနွေး တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်ထောင်စု ဝန်ကြီးများက နိဂုံးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားပြခန်းများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ သွားရောက်၍ မြန်မာ့အားကစားလှုပ်ရှားမှု ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလှုပ်ရှားမှု ပြခန်းများဖြစ်သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ မြန်မာ့အားကစားမော်ကွန်းခန်းမအတွင်းရှိ မှတ်တမ်းတင်ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ ပုံတူရုပ်တုများ၊ မြန်မာ့အားကစားမော်ကွန်းခန်းမ၊ ၂၀၁၆ – ၂၀၂၀ ပြည့်နှစ်အတွင်း အားကစားလှုပ်ရှား ဆောင်ရွက်မှုပြခန်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့သူများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများ၊ (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ အားကစားရွာနှင့် Social Zone ဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများနှင့် အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)တို့ကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။



ထို့နောက် လေ့လာရေးအဖွဲ့သည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအတွင်းသို့ သွားရောက်လေ့လာကြရာ အားကစားနှင့် လူငယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း စတင်တည်ဆောက်ခဲ့မှု၊ လက်ရှိ အားကစားပြိုင်ပွဲများ ကျင်းပနေမှုနှင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖူဆယ်ချစ်သူအသင်းက ၁၂ မှတ်၊ M2K အသင်းက ရှစ်မှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် လင်းလက်အသင်းတို့က ခုနစ်မှတ်စီ၊ Dream Team အသင်းက ခြောက်မှတ် ရရှိထားသည်။ ဒုတိယအကျော့ပွဲစဉ်များကို မတ်လ ဆန်းပိုင်းအထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးသုံးသင်းမှာ ချန်ပီယံဆုအတွက် Play-off ပွဲစဉ် ပြန်ကစားရမည်ဖြစ်သည်။ ဖူဆယ်လိဂ်–၁ ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း နိုင်ငံတကာခြေစမ်းပွဲများကစားရန် ဇန်နဝါရီ ၂၀ရက် ပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**



# မြောင်းမြမြို့၌ ကြိမ်နှင့်ဝါးလက်မှုပညာ အခြေခံသင်တန်းဖွင့်လှစ်

**မြောင်းမြ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကြိမ်နှင့်ဝါးလက်မှုပညာ အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသောင်းအေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်ပြီး ရက်သတ္တတစ်ပတ်ကြာ ပို့ချမည်ဖြစ်သည်။ **ဇေယျာ(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သံဃာတော်များနှင့် အငြိမ်းစားဝန်ထမ်းဟောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သံဃာတော်များ၊ အငြိမ်းစား ဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ စုစုပေါင်း ၂၄၉ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် သံဃာတော်များ၊ အငြိမ်းစား ဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဆက်လက်၍ ဘုရားဖူး သံဃာတော်များ၊ အငြိမ်းစား ဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ဖားအောက်တောရစာသင်တိုက်မှ သံဃာတော် ၁၂ ပါးနှင့် ရှင်သာမဏေ ၁၃၅ ပါး အပါအဝင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက် ဖူးမြော်ခဲ့ကြသည့် သံဃာတော်များ၊ အငြိမ်းစား ဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ၏ ရင်တွင်းစကားသံများအား ယခုလိုကြားသိခဲ့ရပါသည်-

စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့နယ်မှ လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ အခုလို လာရောက် ဖူးမြော်ရတဲ့အတွက်



အတိုင်းမသိ ဝမ်းသာမိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူတွေက တကူးတကစီမံပြီး ရဟန်းရှင်လူများဖြစ်သော စစ်ကိုင်းတိုင်း မုံရွာဒေသရှိ စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံး အလှည့်ကျဖူးမြော်နိုင်အောင် စီမံပေးထားတာ ဖြစ်ပါတယ်။ ရဟန်းရှင်လူများနဲ့ မလာရောက်နိုင်သေးတဲ့ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့လည်း ကိုယ်တိုင်ကိုယ်ကျ မဟုတ်တောင်မှ အစိုးရက စီစဉ်ပေးတာပဲဖြစ်ဖြစ်၊ မိသားစုလိုက်ပဲဖြစ်ဖြစ် အကြောင်းအမျိုးမျိုးကြောင့်ပဲ ဖြစ်ဖြစ် ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ပြီးတော့ ဖူးမြော်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ပဲ အာလုံးသော ဒါယကာ၊ ဒါယိကာမ ပရိသတ်အပေါင်း သူတော်ကောင်းတို့လည်း ဒီထက်မက အမျိုးဘာသာသာသနာကို စောင့်ရှောက်နိုင်တဲ့ ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ။

အငြိမ်းစား အဖွဲ့တွေကို လာပြီးတော့မှ ပို့ဆောင်ပေးတဲ့အတွက် အခုလိုရောက်ရှိလာတာပါ။ ဒီကို ရောက်တဲ့အချိန်မှာ အလွန်ပီတိ ဖြစ်ရပါတယ်။ ဘုရားကြီးကို ကြည့်ပြီးတဲ့



အခါကျတော့ ကြည်ညိုတဲ့အပြင် ဘယ်မှာမှ မရှိသေးတဲ့ ဘုရားကြီးကို ဖူးလိုက်ရတဲ့အတွက် တော်တော်လေး ရင်ထဲမှာပီတိဖြစ်ရပါတယ်။ လာရောက် ပို့ဆောင်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်တစ်ခေါက်ရောက်ဖို့ဆိုတာကလည်း မလွယ်ပါဘူး။ အတိုင်းမသိ ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ မိသားစုရောက်ဖို့ဆိုတာက တစ်နယ်နှင့်တစ်နယ် လွယ်တဲ့ကိစ္စမှ မဟုတ်တာ။ မလွယ်တဲ့နေရာကို အခုလို ပို့ဆောင်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့်ပစ္စည်းများ ပြင်ဆင်ထုပ်ပိုးနေမှု လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမ၌ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့် ပစ္စည်းများ ပြင်ဆင်ထုပ်ပိုးနေမှုကို လိုက်လံကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက စေတနာရှင်ပြည်သူများ လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ထောက်ပံ့ပေးပို့ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများက စနစ်တကျ ပြင်ဆင်ထုပ်ပိုးနေမှုကို ရှင်းလင်းပြသကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေသူများကို လိုက်လံအားပေးခဲ့သည်။ **သတင်းစဉ်**



# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ဆက်စပ်ပြီး ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားမိဘပြည်သူများအားလုံး ပိုမိုသိရှိနားလည် သဘောပေါက်စေဖို့ ကျွန်တော်တို့ထပ်မံပြီး ပြောပြသင့်တဲ့ အချက်များကို ကျွန်တော်တို့ ပြောပြပါမယ်။ ဒီဟာတွေနဲ့ ပတ်သက်ပြီး တချို့သော ပြည်ဖျက်မီဒီယာများရဲ့ သွေးထိုးလှုံ့ဆော်မှု၊ အချို့သောအကြမ်းဖက်အဖွဲ့များရဲ့ ဆောင်ရွက်မှုတွေပေါ့၊ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဒါပြည်သူလူထုကြားထဲမှာ ဝေဖန်မှုတွေ၊ ပြည်သူလူထုကြားထဲမှာ တချို့သောစိုးရိမ်ပူပန်မှုတွေရှိနေတယ်ဆိုတာလည်း ကျွန်တော်တို့ သိရပါတယ်။

ပထမဦးဆုံး ကျွန်တော်ပြောလိုတာကတော့ ဒီနေ့ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရတာက ပြည်တွင်း၊ ပြည်ပဘေးအန္တရာယ်ဆိုတာထက် ကျွန်တော်တို့ ပထမအပိုဒ်မှာ ပါပြီးသားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံသားတိုင်း စစ်ပညာသင်ကြားဖို့၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ဖို့အတွက် ရည်ရွယ်တာပဲဖြစ်ပါတယ်။ ခုနပြောတဲ့ ပြည်တွင်းအန္တရာယ်၊ ပြည်ပအန္တရာယ်ဆိုတာထက် ဒီဟာတွေအတွက် ရည်ရွယ်ပြီး လုပ်တာဖြစ်တယ်။ ဒီဥပဒေပြဋ္ဌာန်းလိုက်တာက ကျွန်တော်တို့အစိုးရ တစ်ဆက်တည်းအတွက်လည်း မဟုတ်ဘူး။ ပိုပြီးအရေးကြီးတာက နောင်ဒီမိုကရေစီစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့အကောင်အထည်ဖော်မယ့် အစိုးရတွေ လက်ထက်မှာအထိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီနိုင်ငံရေး အနေအထား လက်ရှိကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေအရ ဒီဥပဒေကိုပြဋ္ဌာန်းချက်ကို မဖြစ်မနေဆောင်ရွက်ရမှာအတွက် ဖြစ်တယ်။ ဒီနိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားအားလုံးမှာ ကာကွယ်ရေးနဲ့ ပတ်သက်တဲ့အသိပညာတွေ တိုးပွားလာအောင် ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီပြည်သူ့စစ်မှုထမ်းဥပဒေ၊ ဒါမှမဟုတ် အမျိုးသားစစ်မှုထမ်းစနစ် National Service ပတ်သက်ပြီး အမျိုးမျိုးပြဋ္ဌာန်းပြီး လုပ်ဆောင်နေတာရှိပါတယ်။ ကျွန်တော် ပြောသလို ကျွန်တော်တို့နိုင်ငံ အိမ်နီးနားချင်း ငါးနိုင်ငံရှိပါတယ်။ အိမ်နီးနားချင်း ငါးနိုင်ငံမှာလည်း ဒီဥပဒေမပြဋ္ဌာန်းထားတဲ့နိုင်ငံ နှစ်နိုင်ငံပဲရှိပါတယ်။ ကျန်တဲ့သုံးနိုင်ငံမှာ ဒီဥပဒေပြဋ္ဌာန်းပြီးဖြစ်တယ်။ အဲဒီသုံးနိုင်ငံမှာ ပြဋ္ဌာန်းပြီးတော့ လက်တွေ့မလုပ်ဆောင်တဲ့နိုင်ငံ တစ်နိုင်ငံရှိတယ်။ လက်တွေ့ အပြည့်အဝလုပ်ဆောင်နေတဲ့နိုင်ငံ တစ်နိုင်ငံရှိတယ်။ လက်တွေ့ဆောင်ရွက်နေတယ်၊ အပြည့်အဝ လုပ်ဆောင်နေတာ မဟုတ်ဘူး၊ Partianly ဆောင်ရွက်နေတဲ့နိုင်ငံ တစ်နိုင်ငံရှိတယ်။ ဒါတွေဟာ ကျွန်တော်တို့ အနီးစပ်ဆုံးအတွက် ပြောကြားခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့မိဘပြည်သူများကို ထပ်မံပြီးအသိပေးလိုတာက ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အခုပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ အကျုံးဝင်မယ့်၊ အကျုံးဝင်နိုင်တဲ့ လူဦးရေ၊ အကျုံးဝင်နိုင်တဲ့ လူဦးရေဆိုတာက အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်း စုစုပေါင်း ၁၃ သန်းနီးပါး ရှိပါတယ်။ အဲဒီတော့ အဲဒီ ၁၃ သန်းလုံးကို တစ်ပြိုင်နက်တည်း စစ်မှုထမ်းဆောင်စေမှာလား၊ မဟုတ်ပါဘူး။ အကျုံးဝင်တာပဲ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီစစ်မှုထမ်းဆောင်စေတယ်ဆိုတဲ့အထဲမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်တဲ့သူရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ပါပြီးသားဖြစ်ပါတယ်။ သူ့ရဲ့အဆင့်အလိုက် စစ်သည်တွေနဲ့ တူညီတဲ့ အခွင့်အရေး၊ စစ်သည်တွေနဲ့ တူညီတဲ့လေ့ကျင့်ရေး ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ စစ်သည်တွေနဲ့ တူညီတဲ့လေ့ကျင့်ရေး၊ စစ်သည်တွေနဲ့ တူညီတဲ့အခွင့်အရေး ဆောင်ရွက်ပေးရတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လစာ၊ ရိက္ခာ၊ ခံစားခွင့်အကုန်လုံးကို ကျွန်တော်တို့က ပေးရတာဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတော်ဘတ်ဂျက်ကနေ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးဆောင်ရွက်ရတဲ့အခါမှာ အနည်းဆုံး စရိတ် ပထမဦးဆုံး ဆောင်ရွက်ရတဲ့အခါမှာ စစ်သည်မဖြစ်သေးဘူး။ ဒီနိုင်ငံသူ၊ နိုင်ငံသားတွေကို ခေါ်ယူမယ်ဆိုရင် ပထမဦးဆုံးဆေးစစ်ရပါတယ်။ တစ်ဦးချင်း တစ်ဦးချင်းရဲ့ ဆေးစစ်တဲ့ကုန်ကျစရိတ်တင် မနည်းပါဘူး။ အနည်းဆုံးအဆင့်က မြန်မာငွေသောင်းဂဏန်းနဲ့ချီပြီး ကုန်ကျပါတယ်။ ဒါတွေကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့က လေ့ကျင့်ပေးနိုင်ဖို့၊ လေ့ကျင့်ပေးနိုင်ဖို့ဆိုတာသည် သူတို့ကို လေ့ကျင့်ပေးတဲ့အခါမှာ ကျွန်တော်တို့က စစ်သည်တွေရဲ့ အဆင့်အတန်းအတိုင်း လေ့ကျင့်ပေးရတာဖြစ်တယ်။ အနည်းဆုံးအဆင့် လနဲ့ချီပြီး လေ့ကျင့်ရတာဖြစ်တယ်။ နှစ်တစ်နှစ်ရဲ့ လေးပုံတစ်ပုံ အနည်းဆုံး လေ့ကျင့်ရတာဖြစ်ပါတယ်။ ဒီလေ့ကျင့်ရေးအတွက် ကုန်ကျစရိတ်တွေ အဆင့်မှလေ့ကျင့်ရေးအတွက် ဆောင်ရွက်မှုတွေ ဒါတွေလည်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိအနေအထားနဲ့ လက်ရှိအနေအထားမှာ တပ်သားသစ် စုဆောင်းမှုတွေ သာမန်ဘော်လန်ဒီယာ တပ်သားသစ်စုဆောင်းမှုသည်လည်း အရှိန်အဟုန်မကျပါဘူး။ သူ့လုပ်ငန်းနဲ့သူဆက်ပြီး လုပ်ဆောင်နေပါတယ်။ ဆက်ပြီးလုပ်ဆောင်နေတဲ့အထဲမှာ ကျွန်တော်တို့အနေနဲ့ ခုနပြောတဲ့ လူဦးရေ ၁၃ သန်းပေ့ါနော် အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းထဲမှာ အမျိုးသမီးတွေကို ထည့်မတွက်နဲ့ဦး၊ အမျိုးသားတွေပဲ ထည့်တွက်ဦး၊ အမျိုးသားတွေပဲထည့်တွက်ရင် ဒီ ၆ ဒသမ ၃ သန်းရဲ့ တစ်ရာခိုင်နှုန်း တစ်ရာခိုင်နှုန်းဆိုရင် ခြောက်သောင်းသုံးထောင်ရှိပြီဖြစ်ပါတယ်။ နှစ်ရာခိုင်နှုန်းဆိုရင် တစ်သိန်းနှစ်သောင်းရှိပြီဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်းဆိုရင် လူဦးရေ ၆ သိန်းရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလောက် လူဦးရေလိုသလား၊ ၁၀ ရာခိုင်နှုန်းလိုသလား မလိုနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ ရပ်ကွက်၊ ကျေးရွာပေါင်း ၆ သောင်းရှိတယ်။ ရပ်ကွက်တွေပါထည့်တွက်ရင် ၆ သောင်းကျော်ရှိတယ်။ ရပ်ကွက်တစ်ခုမှာ စစ်မှုထမ်းဆောင်ဖို့၊ ကာကွယ်ရေး တာဝန်ထမ်းဆောင်ဖို့ တစ်ဦးထက် ဒါမှမဟုတ် နှစ်ဦးထက်ပိုစရာအကြောင်းမရှိပါဘူး။

သို့သော် ကျွန်တော်တို့ ဘာကြောင့်မို့လို့ ဒီဟာကို လုပ်ထားလဲဆိုတော့ ဒါတွေကို လုပ်ရခြင်းအကြောင်းရင်းသည် Long term Plan မှာ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့စွမ်းရည်၊ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့ စွမ်းအား၊ နိုင်ငံတော်ကို ကာကွယ်နိုင်တဲ့ပညာ နိုင်ငံသားအားလုံး တတ်သွားဖို့ လိုအပ်ပါတယ်။ ဒ့ါကြောင့်မို့လို့ ကျွန်တော်တို့ ဆောင်ရွက် ရခြင်းဖြစ်ပါတယ်။ ခုနပြောခဲ့တဲ့အထဲအပြင် ကင်းလွတ်ခွင့်ရတဲ့လူတွေ ပုဒ်မ ၂၂ မှာ ကင်းလွတ်ခွင့်ရတဲ့လူတွေ ပြဋ္ဌာန်းထားတာရှိတယ်။ ဥပမာ သာသနာ့ဝန်ထမ်းများသိပြီးပြီ၊ အိမ်ထောင်သည်အမျိုးသမီးများ ဒါတွေပါပါတယ်။ နောက်ပြီးတော့ သီးသန့်ဘုတ်အဖွဲ့ကနေ အမိန့်ထုတ်ပြီးတော့ ကင်းလွတ်ခွင့်ရတဲ့သူများလည်း ပါသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ယာယီ ခုမိဘပြည်သူတွေ ခဏခဏမေးနေတဲ့ ကျောင်းသားတွေကလည်း အသက်အကျုံးဝင်ရင် စစ်ပညာတာဝန်ထမ်းဆောင်ရမှာလား၊ ဝန်ထမ်းတွေကလည်း တာဝန်ထမ်းဆောင်ရမှာလားဆိုတဲ့ ဟာမျိုးတွေ ပုဒ်မ ၁၅ အရ ယာယီရွှေ့ဆိုင်းခွင့် ရထားတဲ့သူတွေရှိပါတယ်။ ဒါတွေသည် နိုင်ငံ့ဝန်ထမ်းတွေ၊ ပညာရေးမပြီးသေးတဲ့ ပညာသင်ကြားနေတဲ့ ကျောင်းသားတွေ ဒါအခြားပြုစုစောင့်ရှောက်မယ့် မိအိုဖအိုကို ပြုစုလုပ်ကျွေးနေတဲ့သူတွေ ဒါတွေပါပြီးသား ဖြစ်ပါတယ်။ သို့သော် သူတို့အနေနဲ့ ခြွင်းချက်က တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီး ပညာသင်ကြားမှုပြီးဆုံးသွားရင် အချိုးကျ ဒီနိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနကနေပြီး လိုအပ်တဲ့နည်းဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာစာတွေ ထွက်လာဦးမှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့က ပြည်သူလူထုရဲ့အကျိုးကို ရှေးရှုပြီး နံပါတ် ၁ ဆောင်ရွက်မှာဖြစ်သလို နံပါတ် ၂ အနေနဲ့ကတော့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်ကို နိုင်ငံသားအားလုံးက သိရှိနိုင်အောင်၊ နိုင်ငံသားအားလုံး တတ်မြောက်အောင်လည်း ရည်ရွယ်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်ပြောချင်တာက ဒီပြည်ဖျက်မီဒီယာတွေအနေနဲ့က အားလုံးကို သူတို့သိပါတယ်။ အခုလောလောဆယ် ပဋိပက္ခဖြစ်ပွားခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေမှာ မဖြစ်မနေ အသက် ၁၅ နှစ်ကနေပြီး အသက် ၅၀ ကြားတစ်အိမ်ကို တစ်ယောက်၊ တချို့နေရာတွေမှာ တစ်အိမ်ကိုနှစ်ယောက်ယောက်ျားကော၊ မိန်းမကောမရွေး အတင်းအကျပ် သောင်းကျန်းသူအဖွဲ့ထဲ သွင်းနေတာကို မည်သည့်အသံမှ မထွက်ဘဲနဲ့။ အခုဒါနဲ့ ပတ်သက်ပြီးတော့ ဝိုင်းဝန်းအသံထွက်တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ နိုင်ငံတော်ကာကွယ်ရေးပညာ တတ်သွားမှာ သိပ်စိုးရိမ်တယ်။ ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားတွေ နိုင်ငံတော်ကာကွယ်ထမ်းဆောင်ရင်းနဲ့ စည်းလုံးညီညွတ်မှု ရှိသွားမှာကို သူတို့သိပ်ပြီးစိုးရိမ်တယ်။ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေ အမျိုးသားရေးစိတ်ဓာတ်ရှင်သန်လာမှာကို သူတို့သိပ်ပြီးစိုးရိမ်တယ်။ ဘာ့ကြောင့်စိုးရိမ်လဲဆိုတာရှင်းပါတယ်။ တချို့သော တချို့သော EAOs အဖွဲ့အစည်းထဲမှာရှိတဲ့ ကျွန်တော်တို့က တိုင်းရင်းသားလို့ ပြောနေကြတဲ့သူတွေဟာ တိုင်းရင်းသားစိတ်ဓာတ် ပျောက်နေပါပြီ။ သူတို့ရဲ့ပြုမူပုံ၊ ပြောဆိုပုံ၊ လုပ်ဆောင်ပုံတွေကိုကြည့်ရင် တိုင်းရင်းသားစိတ်ဓာတ် ပျောက်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ရဲ့နောက်ကွယ်မှာရှိတဲ့ ထောက်ပံ့ပေးထားတဲ့ အဖွဲ့အစည်းတွေ၊ သူတို့ရဲ့နောက်ကွယ်မှာရှိတဲ့ ထောက်ပံ့ပေးထားတဲ့ နိုင်ငံတွေရဲ့အပေါ်မှာ မူတည်ပြီး တိုင်းရင်းသားစိတ်ဓာတ် ပျောက်နေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကိုယ်စားပြုစစ်ဆင်ရေး Proxy War လုပ်နေတဲ့၊ သူတို့ခံပြီး Proxy War လုပ်နေရင်းကနေပြီး တိုင်းရင်းသားပျောက်ကွယ်သွားတာဖြစ်ပါတယ်။ ဒါတွေသည် တစ်ခါတစ်ရံမှာ နိုင်ငံတော်အတွက် စိုးရိမ်စရာကောင်းတဲ့ အခြေအနေတွေဖြစ်ပါတယ်။ ဒါတွေအတွက် ကျွန်တော်တို့သည် ရေရှည်မျှော်မှန်းပြီး ဒီအစိုးရတစ်ဆက်တည်းမဟုတ်ဘူး။ နောင်ဒီမိုကရေစီအစိုးရ အဆက်ဆက်အတွက် ရေရှည်မျှော်မှန်းပြီး ကျွန်တော်တို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒါတွေကို မြန်မာစိတ်ရှိတဲ့ မြန်မာတိုင်း မိမိကိုယ်ကိုမိမိ We are Myanmar လို့ ယူဆထားတဲ့၊ မိမိကိုယ်ကိုမိမိ We are Myanmar ဆိုပြီး မျိုးချစ်စိတ်ရှိတဲ့၊ နိုင်ငံချစ်စိတ်ရှိတဲ့ မိဘပြည်သူတိုင်းက နားလည်သဘောပေါက်ကြဖို့၊ ဝိုင်းဝန်းဆောင်ရွက်ကြဖို့၊ လူငယ်လူရွယ်များ အနေနဲ့လည်း နိုင်ငံတော်ကာကွယ်ရေးပညာဆိုတာသည် နိုင်ငံသားအားလုံး တတ်သိထားသင့်တဲ့ပညာဆိုတာကို လက်ခံသဘောပေါက်ပြီး နိုင်ငံချစ်စိတ်ရှိကြဖို့ တိုက်တွန်းလိုပါတယ်။

ဒ့ါအပြင် ဒီနေ့မှာဆိုရင် ကျွန်တော်တို့က အရန်တပ်ဖွဲ့ဥပဒေကို အာဏာတည်စေမှာ ဖြစ်ပါတယ်။ ဒီအရန်တပ်ဖွဲ့ ဥပဒေဟာလည်း ကျွန်တော် ပထမဦးဆုံး ပြောတဲ့အထဲမှာ ပါပြီးဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်း ဥပဒေနဲ့အတူတူ တစ်နေ့တစ်ရက်တည်း ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ ဖြစ်ပါတယ်။ ဥပဒေအမှတ် ၂၈/၂၀၁၀ နဲ့ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလထဲမှာ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေမှာ အဓိကက စစ်မှုထမ်းတွေနဲ့ စစ်မှုထမ်းဟောင်းတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ အဓိက အနှစ်ချုပ်ကတော့ တပ်မတော်ကနေပြီးတော့

*စာမျက်နှာ ၁၁ သို့*

# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲစတုတ္ထနေ့ ဆက်လက်ခင်းကျင်းပြသ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ စတုတ္ထနေ့အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ ပြည်ထောင်စုနေ့အခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားလျက်ရှိသည်။**




နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းများတွင်လည်း ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ်သိရှိနိုင်ရေးအတွက် ခင်းကျင်းပြသထားပြီး တာဝန်ရှိသူများကလည်း အသေးစိတ်ရှင်းလင်းပြသကြသည်ကိုလည်း တွေ့မြင်ရသည်။

ယနေ့စတုတ္ထနေ့ပြပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ လုပ်ကိုင်နေကြသည့်လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြရာ ပြခန်းအလိုက်တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့်နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပ ဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက် စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးကြရာ လုပ်ငန်းရှင်များအပြင် အသိပညာဗဟုသုတရရှိလိုသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

ထို့ပြင် ပွဲတော်လာပြည်သူများကို တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ပြခန်းများရှေ့၌ ရိုးရာတေးသီချင်းများနှင့် ရိုးရာအကအလှများကို ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ပြခန်းများအတွင်း ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများနှင့် MSME ထုတ်ကုန်များအကြောင်းကို အသိပညာဗဟုသုတရရှိအောင် ခင်းကျင်းပြသထားမှုကို ဝင်ရောက်လေ့လာ ကြည့်ရှုကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ၌လည်း ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အလားတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC) နှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာနနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ဖေဖော်ဝါရီ ၁၄ ရက်အထိ ငါးတိုင်ကျင်းပမည့် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲတော်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME ထုတ်ကုန်အရောင်းပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ ခန်း၊ ဝန်ကြီးဌာနများမှ ထုတ်ကုန်ပစ္စည်းများ၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း (MEC) ထုတ်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ဖွင့်လှစ်ရောင်းချနေသည့် ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ခင်းကျင်းပြသရောင်းချလျက်ရှိရာ မိဘပြည်သူများ (အခမဲ့) လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သန်းမင်းအောင်၊ ဂျိုင်းလော**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**

## ပြည်သူ့ရင်ပြင်၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် စက်မှုထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လာရောက်ဝယ်ယူလည်ပတ်သူများနှင့် အထူးစည်ကား

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်ပန်းခြံ၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ စက်မှုထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြခန်းများနှင့် ဆိုင်ခန်းပေါင်း ၄၀၀ ခန့်မှ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူး ဈေးနှုန်းဖြင့် ချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူကြသူများဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် ပွဲတော်အတွင်း စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့်အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက၊ အလှများ၊ DJ များ၊ Dancer အကဖျော်ဖြေမှုများနှင့် မျိုးဆက်သစ်တေးသံရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

နုတ်ထွက်ခွင့်၊ အငြိမ်းစားယူခွင့်ရထားတဲ့ နေ့ကနေစပြီး ငါးနှစ်အထိ ထဲမှာ အကျုံးဝင်တဲ့သူတွေဟာ အရန်အဖြစ် အရန်တပ်ဖွဲ့၌ စစ်မှုထမ်းဆောင်ရန် တာဝန်ရှိပါတယ်။ ဒီနေရာမှာလည်း အားလုံးကျွန်တော်တို့က ငါးနှစ်အတွင်းမှာ အကျုံးဝင်တဲ့သူတွေအားလုံးကို တာဝန်ထမ်းဆောင်ခွင့်ပေးမှာ မဟုတ်ပါဘူး။ လိုအပ်တဲ့သူတွေ တကယ့်ကို နိုင်ငံတော်အတွက် လိုအပ်တဲ့သူတွေလောက်ပဲ တာဝန်ထမ်းဆောင်ခွင့်ပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီးလည်း ထပ်ပြီးပြောလိုပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ဆောင်ရွက်တဲ့နေရာမှာ အားလုံးခြိမ်းခြောက်ခံနေရတာက ဒီနေ့ပဲသေနတ်ကိုင်ပြီး ဒီနေ့ပဲ ရှေ့တန်းထွက်ရမလို ပြောနေကြတယ်။ မဟုတ်ပါဘူး။ ကျွန်တော်တို့ Professional စစ်သားတစ်ယောက်၊ Professional နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်တဲ့ သူတွေလို စစ်ပညာ၊ နိုင်ငံတော်ကာကွယ်ရေးပညာကို အပြည့်အဝ သင်ကြားပြီးမှ တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်တိုက်ဖို့ တစ်ခုတည်းတင်မဟုတ်ပါဘူး။ ဒီနေ့ခေတ်သစ်စစ်ပွဲတွေမှာ ယခင်တုန်းက စစ်ဆင်ရေး၊ စစ်ဆင်မှုဆိုတာနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ရင် စစ်ဆင်ရေး၊ စစ်ဆင်မှုဆိုတာ နှစ်ဖက်လက်နက်ကိုင် တပ်ဖွဲ့အချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်းလို့ ပြောတယ်။ ဒီနေ့ ဒါ့ထက်ကျယ်ပြန့်လာပါတယ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတဲ့ နေရာမှာ လက်နက်ကိုင်ပြီး၊ သေနတ်ကိုင်ပြီး စစ်တိုက်နေမှ နိုင်ငံတော်ကာကွယ်ရေးတာဝန် မဟုတ်ပါဘူး။ ကွန်ပျူတာ၊ အိုင်တီ ကျွမ်းကျင်တဲ့သူတွေကလည်း မိမိနိုင်ငံကို Cyber တိုက်ခိုက်မှုအတွက် ကာကွယ်ရမယ့်တာဝန်ရှိတယ်။ စီးပွားရေးအရ ကျွမ်းကျင်တဲ့သူတွေ ကလည်း မိမိနိုင်ငံကို စီးပွားရေးအရ ထိုးနှက်လာတာတွေကို မိမိနိုင်ငံဘက်က မိမိအကျိုးကိုကာကွယ်နိုင်ဖို့အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေရှိတယ်။ ဒါ့ကြောင့်မို့ ပြည်သူ့စစ်မှုထမ်းစနစ်ကို ဆောင်ရွက်တဲ့ အခါမှာလည်း ကျွန်တော်တို့အနေနဲ့ မိမိရဲ့သက်ဆိုင်တဲ့၊ ကျွမ်းကျင်တဲ့ ပညာရပ်တွေအလိုက် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ဖို့ အခြေခံစစ်ပညာ သင်ကြားပြီး ဒီတာဝန်တွေကို ဆက်လက် ထမ်းဆောင်နိုင်ဖို့အတွက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံး၊ မိဘပြည်သူအားလုံးက သိရှိပြီး လူငယ်အားလုံးက သိရှိပြီး၊ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ကျေပွန်စွာ၊ ဂုဏ်ယူစွာ ထမ်းဆောင်နိုင်ကြစေဖို့ ဆန္ဒပြုလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# အောင်မြေသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ မိတ္ထီလာမြို့နှင့် မကွေးမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအားကြိုဆိုထောက်ခံပွဲပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။**

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ရွှေမန်းတောင် လူငယ်အားကစားကွင်း၌ လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌လည်းကောင်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘုရားဝင်းအတွင်း၌လည်းကောင်း၊ မိတ္ထီလာမြို့ရှိ ခရိုင်အားကစားကွင်းအတွင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ကံသာကန်ပေါင်၌ လည်းကောင်း ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံ တိုင်းရင်းသားမျိုးချစ်ပြည်သူများက သတ်မှတ်နေရာ



ပြင်ဦးလွင်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ကျင်းပစဉ်။



မိတ္ထီလာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲကျင်းပစဉ်။

အသီးသီး၌စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက “ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကိုကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပ အန္တရာယ်များက ကာကွယ်ရန် စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်” စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ဟောပြောကာ ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကောလင်းမြို့ရှိ ရပ်ကွက်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများ၏ အဖိုးတန်ပစ္စည်းများကို တပ်မတော်သားများက ကားများဖြင့်သယ်ယူနေကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် တိုက်ပွဲများပြင်းထန်နေပြီး တပ်မတော်မှ ထိခိုက်ကျဆုံးမှုများပြားမှုကြောင့် မြို့ပေါ်ရပ်ကွက်များကို မီးရှို့ဖျက်ဆီးနေကြောင်းနှင့် စစ်ရှောင်ပြည်သူများ၏ နေအိမ်များအတွင်းရှိ အဖိုးတန်ပစ္စည်းများကိုလည်း စစ်ကားများဖြင့် သယ်ဆောင်သွားကြကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများအား အထင်အမြင် လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ ကောလင်းမြို့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာ ဝန်ထမ်းများအားအကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ နေရပ်စွန့်ခွာသူ ပြည်သူများ၏ နေအိမ်များအား ဖောက်ထွင်းဝင်ရောက်၍ ပစ္စည်းများယူဆောင်ခြင်းများအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တိုက်ခိုက်ချေမှုန်းခဲ့ရာတွင်လည်း အကြမ်းဖက်သမားများ အနေဖြင့် လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရှိရသည်။









ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ၎င်းတို့ထောင်ထားသည့် မိုင်းများကြောင့် ကောလင်းမြို့ပေါ်ရှိ နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရပြီး ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ပေးနေမှုများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးမြို့နယ်၌ တပ်မတော်မှ အမျိုးသား ၄၀ ကျော် ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးမှုများဆက်တိုက်လုပ်ဆောင်လာကြောင်း ကောလာဟလသတင်းများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဘုံတောကျေးရွာတွင် ဖေဖော်ဝါရီ ၁၂ ရက်က အမျိုးသား ၄၀ နီးပါးကို တပ်မတော်က ဖမ်းဆီးသွားကြောင်းနှင့် ဖေဖော်ဝါရီ ၂ ရက်ကလည်း ကလေး မြောက်ပိုင်း၊ ကျီကုန်းရွာ၌ သီရိလင်္ကာဘုန်းကြီးကျောင်းတွင် ဒကစမှူးကိုယ်တိုင် ဆင်းကာ ပြည်သူ့စစ်အတွက် လူအင်အား ၄၀ မဖြစ်မနေပေးရန် တောင်းသွားသည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။





အထက်ပါ သတင်းနှင့် ပတ်သက်၍ ကလေးမြို့လုံခြုံရေး တာဝန်ခံအရာရှိတစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၂ ရက်တွင် တပ်မတော်မှ ဘုံတောကျေးရွာသို့ သွားရောက်ခဲ့ခြင်း မရှိကြောင်း၊ အမျိုးသား ၄၀ ကို ဖမ်းဆီးသည် ဆိုသည်မှာလည်း သတင်းမှားသာ ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၂ ရက်တွင် ကျီကုန်းရွာ သီရိလင်္ကာဘုန်းကြီးကျောင်းတွင် ဒကစမှူးက ပြည်သူ့စစ်အဖွဲ့ဝင်များနှင့်သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်မှုကို ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံသတင်းများ လုပ်ကြံရေးသား ဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

### ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# အင်ဒိုနီးရှားနိုင်ငံသားများ ဖေဖော်ဝါရီ ၁၄ တွင် နိုင်ငံ့ခေါင်းဆောင်သစ်ကို ရွေးချယ်မည်

ဂျကာတာ ဖေဖော်ဝါရီ ၁၃

**အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲကို ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန်သတ်မှတ်ထားသည်။ လက်ရှိသမ္မတဂျိုကို ဝီဒိုဒိုအား နောက်တစ်ကြိမ် ပြန်လည်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်သောကြောင့် စတုတ္ထမြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ဆယ်စုနှစ်တစ်စုအတွင်း နိုင်ငံ့ခေါင်းဆောင်သစ်ကို ကြိုဆိုကြရတော့မည်ဖြစ်သည်။**



ယခုယှဉ်ပြိုင်မှုသည် ဂျကာတာ အုပ်ချုပ်ရေးမှူးအဖြစ် ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော အန်နီးစ်ဘတ်စ်ဝီဒန်နှင့် လက်ရှိအချိန်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ပရာဘိုဝူ ဆူဘီယန်တိုနှင့် ယခင်က အလယ်ဂျာဗား ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ၁၀ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ဂန်ဂျာ ပရာနိုဝိုတို့ကြား သုံးဦးဆိုင် ယှဉ်ပြိုင်မှုဖြစ်သည်။

၎င်းတို့သုံးဦးသည် တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိပြီး သုံးဦးအနက် တစ်ဦးမှာ ဒုတိယသမ္မတ ဖြစ်လာမည်ဖြစ်သည်။

နောက်ဆုံး ပြည်သူ့အမြင်စစ်တမ်းများအရ ပရာဘိုဝူနှင့် ဂျိုကိုသား ဂီဘရန် ရာကာဘူမင်ရာကာတို့သည် ထောက်ခံနှုန်း ၅၁ ရာခိုင်နှုန်းကျော်ဖြင့် ဦးဆောင်လျက်ရှိသည်။

ပရာဘိုဝူအား လက်ရှိသမ္မတဂျိုကို၏ ပုံစံအတိုင်း ဆက်ခံသူ အဖြစ် မြင်ထားကြသည်။ လက်ရှိသမ္မတက ၎င်းသည် ဘက်မလိုက်ဘဲ ကြားနေသူဖြစ်ကြောင်း ပြောကြား ခဲ့သော်လည်း ပြည်တွင်းမီဒီယာများက ဂျိုကိုသည် ရွေးကောက်ပွဲရက်မတိုင်မီ အမိကအား ဖြင့် နိုင်ငံ့ဆင်းရဲသားတစ်ဦးကို ငွေကြေးထောက်ပံ့ပေးမည်ဟုကြေညာပြီး ပရာဘိုဝူအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရွေးကောက်ပွဲကို နိုင်ငံ့ခေါင်းဆောင်ကို ရွေးချယ်ရန် ကမ္ဘာ့အကြီးဆုံး တိုက်ရိုက်မဲပေးစနစ်ဟု ခေါ်ဆိုနိုင်ပြီး အဆိုပါရွေးကောက်ပွဲအတွက် မဲပေးသူ သန်း ၂၀၀ ကျော်ရှိကြောင်းသိရသည်။ အကယ်၍ ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဗုဒ္ဓဟူးနေ့တွင် မဲထက်ဝက်ကျော်ရရှိပါက သမ္မတအဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။ သို့မဟုတ်ဘဲ မဲအရေအတွက် တူနေပါက ဇွန်လတွင် ထပ်မံမဲပေးရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




# ရာသီဥတုဆိုးရွားမှုကြောင့် ဒုတိယမြောက် ဒုံးပျံလွှတ်တင်မှုကို ဂျပန်ရွှေ့ဆိုင်း

**တိုကျို ဖေဖော်ဝါရီ ၁၃**

ဂျပန်အာကာသ အေဂျင်စီသည်ကြာသပတေးနေ့တွင် ဒုတိယမြောက် H3 ဒုံးပျံသစ်လွှတ်တင်ရန် စီစဉ်ထားမှုကို ရာသီဥတုဆိုးရွားမှုကြောင့် ရွှေ့ဆိုင်းလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကာဂိုရှီးမားစီရင်စု အနောက်တောင်ဘက်ရှိ တာနီဂါရှီမာအာကာသစင်တာ၌ ဒုံးပျံလွှတ်တင်ရန် စီစဉ်ထားမှုကို အင်္ဂါနေ့တွင် ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလျှပ်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဒုံးပျံလွှတ်တင်မည့် နံနက် ၉ နာရီ ၂၂ မိနစ်အချိန်တွင် ဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်းနှင့် ရာသီဥတုအခြေအနေများက ဒုံးပျံအပြင်ပြိုဟ်တုကိုပါ ထိခိုက်နိုင်ဖွယ်ရှိကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ပြောသည်။

ရာသီဥတုခန့်မှန်းချက်များကို လေ့လာပြီးနောက် ဒုံးပျံလွှတ်တင်မည့် ရက်အသစ်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ ပထမအကြိမ် H3 ဒုံးပျံကို ၂၀၂၃ ခုနှစ် မတ်လတွင် လွှတ်တင်ခဲ့သော်လည်း ဒုတိယအဆင့် အင်ဂျင်မီးမလောင်ခဲ့သောကြောင့်မအောင်မြင်ခဲ့ပေ။ အာကာသစူးစမ်းလေ့လာရေးအေဂျင်စီသည် ပျံသန်းမှုအချက်အလက်ကို အခြေခံ၍ မအောင်မြင်ခဲ့သော အကြောင်းရင်းများကို လေ့လာကာ ဒုံးပျံအစိတ်အပိုင်းများကို ပိုမိုစိစစ်သေချာစွာ စစ်ဆေးခြင်းအပါအဝင် စီမံဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခဲ့သည်။ H3 သည် နှစ်ပေါင်း ၃၀ အတွင်း ဂျပန်နိုင်ငံမှ တီထွင်ခဲ့သော ပထမဆုံးဒုံးပျံကြီး ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# လာအိုနှင့် အိန္ဒိယတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၁၃**

လာအိုနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် လာအို-အိန္ဒိယစီးပွားရေးဖိုရမ်ကို လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖိုရမ်သည် နှစ်နိုင်ငံကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်ရန်ရည်ရွယ်ကြောင်း တနင်္လာနေ့က ဖိုရမ်၌ ပြောကြားသော လာအိုနိုင်ငံစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မလေသောင် ခွန်မာဆစ်၏ ပြောကြားချက်ကို ကိုးကားပြီး လာအိုသတင်းအေဂျင်စီက ဖော်ပြထားသည်။

လာအိုနှင့် အိန္ဒိယနိုင်ငံအစိုးရတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင်သာမက ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သစ်တော၊ ကာကွယ်ရေးနှင့် အခြေခံအဆောက်အအုံများတွင်ပါ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန် သဘောတူခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ လာအိုနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ် ပရာရှန့် အရာဝဲလ်၊ လာအိုနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ သာနောင်ဆင်း ကန်လာရာနှင့် နှစ်ဖက်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ သတ်မှတ်ကာလအတွင်း ကျင်းပမည်

**ကိုလံဘို ဖေဖော်ဝါရီ ၁၃**

သီရိလင်္ကာနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို လက်ရှိအချိန်ဇယားအတိုင်း သတ်မှတ်ထားသော အချိန်ကာလအတွင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သမ္မတ၏ မီဒီယာဌာန (ပီအမ်ဒီ) က အင်္ဂါနေ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၏ လွှတ်တော် ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ရန်ပုံငွေများကို ၂၀၂၅ ဘတ်ဂျက်တွင် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲများ ကျင်းပရန် တာဝန်ရှိပြီး အစိုးရအနေဖြင့် လိုအပ်သည့်အချိန်တွင် ကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပီအမ်ဒီက ပြောသည်။ ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအတွက် အမေရိကန်ဒေါ်လာ ၃၂ သန်းခန့် ခွဲဝေချထားရေးနှင့် ပတ်သက်သော အဆိုပြုချက်ကို အစိုးရအဖွဲ့ဝန်ကြီးများက ပြီးခဲ့သည့် သီတင်းပတ်တွင် အတည်ပြုခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ ဖွဲ့စည်းပုံအရ လာမည့်သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၇ ရက်မတိုင်မီ ကျင်းပရမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂါဇာတောင်ပိုင်း၌ ထိုးစစ်များ အရှိန်မြှင့်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးပြော

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၃**



အစ္စရေး ဓားစာခံနှစ်ဦးကို အောင်မြင်စွာ ကယ်တင်နိုင်ပြီးနောက် အစ္စရေးကာကွယ်ရေးဝန်ကြီး ယိုအက်ဗ်ဂဲလန့်သည် ဂါဇာတောင်ပိုင်း ရာဖာ၌ ထိုးစစ်များကို အရှိန်မြှင့်သွားမည်ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

ရာဖာ အလယ်ပိုင်းတွင် တနင်္လာနေ့က အစ္စရေးတပ်ဖွဲ့များနှင့် အထူးရဲတပ်ဖွဲ့တစ်ဖွဲ့သည် အမျိုးသား ဓားစာခံနှစ်ဦးကို ကယ်တင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ကြေညာခဲ့သည်။

ဂဲလန့်သည် ရဲတပ်ဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏အားထုတ်ကြိုးပမ်းမှုအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။ ဟားမားစ်သည် ပျော့ကွက်ဖြစ်ကြောင်း၊ မိမိတို့သည် မည်သည့်နေရာမဆို သွားနိုင်ရမည် ဖြစ်ကြောင်းနှင့် မိမိတို့၏တာဝန်များကို အောင်မြင်အောင် စွမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂဲလန့်သည် ဓားစာခံများ ပြန်လွှတ်ပေးရန် ကြိုးစားသွားမည့် ၎င်း၏ရည်မှန်းချက်နှင့် ဟားမားစ်တို့ကို ဖျက်ဆီးသွားမည်ဖြစ်ကြောင်း အလေးအနက်ထား ဖော်ပြခဲ့သည်။

အစ္စရေးလေကြောင်း တိုက်ခိုက်မှုများနှင့် ရာဖာရှိကယ်ဆယ်ရေး စစ်ဆင်ရေးကို လက်နက်ကြီးဖြင့်တိုက်ခိုက်မှုကြောင့် ၇၃ ဦး သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးအရာရှိများက ပြောသည်။

ခန်ယွန်နစ်ရှိ ဆေးရုံတစ်ရုံ၌လည်း စက်သုံးဆီ ပြတ်တောက်သွားပြီဖြစ်ကြောင်းနှင့် အဆိုပါဆေးရုံ၌ ဆေးကုသမှုခံယူနေသော အမျိုးသမီးတစ်ဦး တနင်္လာနေ့က သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

ဂါဇာရှိ ကျန်းမာရေးအရာရှိများက ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ပွဲစတင်ဖြစ်ပွားကတည်းက သေဆုံးသူဦးရေမှာ ၂၈၄၇၃ ဦး ရှိလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ လူတစ်သန်းကျော်မှာ ရာဖာ၌ ခိုလှုံလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# တိုင်းဒေသကြီး ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်

ပဲခူး ဖေဖော်ဝါရီ ၁၃

**တိုင်းဒေသကြီး ဂုဏ်ထူးဆောင် ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ပွဲကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်္ဂဟတရားနှင့် လျော်ညီသည့် ချီးမြှင့်ထိုက်သူ ချီးမြှောက်ထိုက်သူတို့ကို ဖော်ထုတ်ချီးမြှင့်ခြင်းပြုသည့် ထူးခြားလေးနက်သည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့အထိ နိုင်ငံတော် တည်ဆောက်ရေးနှင့် ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးစသည့် ကဏ္ဍများတွင် စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်ခဲ့ကြသူများကို သက်ဆိုင်ရာနယ်ပယ်အလိုက် ဘွဲ့ထူး၊ ဂုဏ်ထူးများ ပေး၍ ချီးမြှင့်မြှောက်စားခဲ့ကြသကဲ့သို့ ပဲခူးတိုင်းဒေသကြီးအတွင်း၌လည်း စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးစသည့် ကဏ္ဍအသီးသီးတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သူများအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၆၂ ဦး ဖော်ထုတ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအကျိုး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ် ၇၈ ဦးအား ဖော်ထုတ်၍ ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ထူးဆောင်ဆုငွေများ ထပ်မံပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဂုဏ်ထူးဆောင်ဆုတံဆိပ် ရရှိသူများသည် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျရာတာဝန်များကို အများနှင့်မတူ ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသူများဖြစ်ပြီး ဂုဏ်ထူးဆောင်ဆုတံဆိပ်ရရှိသူများ၏ မိသားစုဝင်များအတွက် သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားစရာ သမိုင်းမှတ်တိုင် အထိမ်းအမှတ် သင်္ကေတအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ဘွဲ့ထူးဂုဏ်ထူးရရှိကြသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဆို၊ က၊ ရေး၊ တီး ဆုရရှိသူများ၊ အားကစားထူးချွန်သူများ၊ နည်းပြများ၊ သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲဆုရရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြု ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက်ရောက်လာသည့် ဂုဏ်ပြုခံပုဂ္ဂိုလ်များနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ ထို့နောက် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီး ဖျော်ဖြေကပြ တင်ဆက်ခဲ့ကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်တွေ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး ဝန်ထမ်းများ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေသည့် အခြေနေများ၊ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရမည့် အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ယခုအချိန်တွင် ဌာနဆိုင်ရာများ အားလုံးက စည်းစည်းလုံးလုံးဖြင့် နေထိုင်ကြစေလိုကြောင်း၊ ပြည်သူလူထုနှင့် ဌာနဆိုင်ရာများကလည်း ပြည်နယ်အတွင်း အေးအေးချမ်းချမ်းဖြင့် နေထိုင်သွားကြစေလိုကြောင်း၊ အားလုံးက မိမိတို့နေထိုင်သောဒေသ၊ မိမိတို့နေထိုင်ခဲ့သော နေရာကို အေးအေးချမ်းချမ်း ဖြစ်စေလိုကြကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့လုပ်ငန်းများကို ကောင်းကောင်းမွန်မွန် လုပ်ကိုင်ကြစေလိုကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရအဖွဲ့ကလည်း အတတ်နိုင်ဆုံး ပူးပေါင်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အခြေအနေကောင်းများ ဖြစ်ပေါ်လာနိုင်သည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့အားလုံး၏ စိတ်ထားရည်ရွယ်ချက်များသည် မိမိတို့ဒေသကောင်းအောင်၊ ရခိုင်ပြည်နယ် ကောင်းကျိုး၊ မိမိတို့ တာဝန်ယူခဲ့သည့် ဌာနကောင်းအောင်ဆိုသည့် စိတ်ထားဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် အောင်အောင်မြင်မြင် ကျော်လွှားနိုင်မည် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# (၁၀၉) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် စာမူပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သုံးလောက ဂမ္ဘီရ၊ သုတ၊ ရသ၊ ဂျာနယ်မှစီစဉ်သည့် (၁၀၉) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲ၊ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ဆုပေးပွဲတွင် အင်းစိန်မြို့နယ် စာရေးဆရာအသင်း နာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ ဆရာကြီး ဒေါက်တာ မြင့်ခိုင် (အဂ္ဂါညို)၊ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား) နှင့် သုံးလောက ဂျာနယ် တာဝန်ခံ ဆရာဇော်ထူးနိုင်တို့က အမှာစကားများ ပြောကြားကြပြီး သုံးလောက ဂမ္ဘီရ၊ သုတ၊ ရသ၊ ဂျာနယ် အယ်ဒီတာချုပ် ဆရာရန်မိုးအောင် (အင်းစိန်)က (၁၀၉) နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် စာမူပြိုင်ပွဲ ပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာမူရွေးချယ်ရေးအဖွဲ့ခေါင်းဆောင် အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဆောင်းဝင်းလတ်က စာမူပြိုင်ပွဲတွင် မြန်မာပြည်အနှံ့အပြားမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော စာမူများကို ရွေးချယ်စိစစ် အမှတ်ပေးခဲ့သည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စွယ်တော်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂/၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်က အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ တက်ရောက်ပြီး စွယ်တော်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးကြည်လှိုင်က ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းများ အကြောင်း ရှင်းလင်းပြောကြားစဉ်။** အာကာလင်း

# သရက်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

သရက် ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမီးဘေးလှုံ့ဆော်ခြင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က အမှတ် (၆) ရပ် အနောက်ရပ် တောင်ပိုင်းရပ်ကွက်နှင့် အမှတ် (၇) အနောက်ရပ် မြောက်ပိုင်းရပ်ကွက်တို့၌ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဖြိုးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရန်အတွက် မီးဘေးလုံခြုံရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်လံလှုံ့ဆော်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ဗန်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ဗန်းမော်မြို့နယ် စီအင်ကျေးရွာအုပ်စု စီအင်ကျေးရွာ အနီးတွင် စိုင်းသန်းဖေ မောင်းနှင်ပြီး စိုင်းအိုက်လှိုင်း လိုက်ပါလာသည့် PAJERO အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၃၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၁၅၀၊ ဘိန်းစိမ်း ၂၁ ကီလိုနှင့် မြန်မာငွေကျပ် နှစ်သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီ မိနစ် ၂၀ တွင် မိုးမောက်မြို့နယ် မံပုန်ကျေးရွာအုပ်စု ၇ မိုင် အောင်မြေကျေးရွာရှိ အားချို(ခ)အားချန်(ခ)ဝမ်ချန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂ ပြားကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ပင်လိန်ကျေးရွာအုပ်စု ပွဲကောက်ကျေးရွာအနီးတွင် နန်းဝင်းကျော် မောင်းနှင်ပြီး နိုင်လင်းထွန်း လိုက်ပါလာသည့် TOYOTA IPSUM အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၂၉၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် ၁၀၁ လမ်းနှင့် ၆၃ လမ်းထောင့်တွင် ထိန်လင်းအောင် (ခ)ရန်ပီဖူး အား ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် ၆၅ လမ်းနှင့် ၄၃ လမ်းထောင့်တွင် လီရှင်းဖင်(ခ)ထွန်းထွန်းအား BORGWARD အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာရှိ ဆားဂျူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



စိုင်းသန်းဖေနှင့် စိုင်းအိုက်လှိုင်းတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ တိရစ္ဆာန်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၀၀) နှင့် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၅ ဒသမ ၃၇၅ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၇၃၅၆) ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၀ ဒသမ ၆၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၆၀၀) နှင့် မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တရားမဝင် အခြားသစ် တန် ၆ ဒသမ ၀၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၇၂၈) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၉၁၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Queen လိမ္မော်အချိုရည်အဆီပုလင်း ၁၅၆၀၊ Chaokoh Coconut Cream ၁၄၉၆ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၆၇၉၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၃၆၇၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိသည့် လိပ်အကောင်သေးများ။

ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ နမ့်ခမ်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိပ်အကောင်သေး အကောင် ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၅၀၀) နှင့် အဆိုပါလိပ်များ တင်ဆောင်လာသည့် Toyota Crown Estate တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၃၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Violet နို့ဝေဖာထုပ် ၄၆၈၀၊ Simethicone Air-x Drops ဆေးဘူး ၁၈၉၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၇၇၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Yum Yum ခေါက်ဆွဲခြောက်ထုပ် ၃၆၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၉၈ တန်၊ အခြားသစ် တန် ၁၉ ဒသမ ၈၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၂၅၇၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၄၉၅၇၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၂၅၃၀၅၂ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Wai Moe Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ ကျော်ကျော်မင်းအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "မောင်စိန်ဝင်းလယ်ဝေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဝဲကြီးကျေးရွာနေ နေဝင်းအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိန်းသိမ်းကာကွယ် သစ်ပင်သစ်တော ပြုန်းတီးမှုအန္တရာယ်

ဟန်

*(ယမန်နေ့မှအဆက်)*

### ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု

ကမ္ဘာတွင် သဘာဝသယံဇာတများ ရှားပါးခြင်း၊ သစ်တောပြုန်းတီးခြင်း၊ သဘာဝဂေဟစနစ် ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များ ယိုယွင်းလာခြင်း၊ ရေညစ်ညမ်းမှုနှင့် လေညစ်ညမ်းမှုစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် စိန်ခေါ်မှုမျိုးစုံဖြင့် ခြိမ်းခြောက်လျက် ရှိပါသည်။ မဲခေါင်ဒေသသည် သစ်တောကို အမှီသဟဲပြုနေသည့် ခန့်မှန်းခြေလူဦးရေ ၈၅ သန်းတို့၏ မှီတင်းနေထိုင်ရာ ဒေသတစ်ခုဖြစ်ပြီး ထိုလူဦးရေ၏ သုံးပုံတစ်ပုံကျော်သည် ဒေသခံတိုင်းရင်းသားများ ဖြစ်ကြသည်။ ဒေသအတွင်းရှိ ခန့်မှန်းခြေလူဦးရေ၏ ၃၀ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးကြသည့်အတွက် သဘာဝအရင်းအမြစ်များကို ရယူသုံးစွဲမှုနှင့် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် ၁၉၉၀ နှင့် ၂၀၁၅ အတွင်း ပျမ်းမျှသစ်တော ၄ ဒသမ ၉ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပြီး မဲခေါင်ဒေသရှိသစ်တောအသိုင်းအဝိုင်းသည် တောတောင်ရေမြေပေါ်တွင်အခြေခံ၍ ရေရှည်ထိန်းသိမ်းလုပ်ကိုင်သွားနိုင်ရေး ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်ရသည်။ ဒေသတွင်းနိုင်ငံများအားလုံးသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလားတူ ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည့်အတွက် သစ်တောပြုန်းတီးမှု ကြုံတွေ့နေမှုအပေါ် ကာကွယ်နိုင်ရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါသည်။

### သဘာဝပတ်ဝန်းကျင်ဗဟိုပြုအစီအစဉ်

ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပေါ်လာသည့်အတွက် မဲခေါင်ဒေသတွင်းနိုင်ငံများသည် ၂၀၀၅ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင် ဗဟိုပြုအစီအစဉ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးစင်္ကြံဒေသများ ရှေ့ပြေးလုပ်ငန်းစီမံကိန်း (Core Environment Program and Biodiversity Conservation Corridors Initiative) ကို တည်ထောင်ခဲ့သည်။ အဆိုပါစီမံကိန်းကို ခြောက်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနများက ကြီးကြပ်ကာ "သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်၍ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသော မဲခေါင်မြစ်ဝှမ်းဒေသ အစီအစဉ်" ဖြစ်ရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အစီအစဉ်ကို အေဒီဘီက စီမံခန့်ခွဲသည့်အတွက် လုပ်ငန်းညှိနှိုင်းချိတ်ဆက်မှုကို ထိုင်းနိုင်ငံရှိ အေဒီဘီရုံး၌ ဖွင့်လှစ်ထားသည့် သဘာဝပတ်ဝန်းကျင် အော်ပရေးရှင်းစင်တာက ဆောင်ရွက်ပေးသည်။ ရှေ့ပြေးစီမံကိန်းအဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ငါးနှစ်တာ ကာလအဖြစ် ဆောင်ရွက်ပြီး ယင်းအစီအစဉ်၏ အောင်မြင်မှုအဖြစ် စီမံကိန်းကာလ ငါးနှစ်တာ သတ်မှတ်ကာ ၂၀၁၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါစီမံကိန်းသည် မဲခေါင်ဒေသတွင်း သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု ပိုမိုအားကောင်းလာအောင် ခိုင်ခိုင်မာမာ အကျိုးပြုထားပြီးဖြစ်သည်။ ရလဒ်များအဖြစ် မဲခေါင်ဒေသတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ပြီး အရေးပါသောကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လားရာများနှင့် စွမ်းဆောင်မှုကို စောင့်ကြည့်စစ်ဆေးသည့် နိုင်ငံအလိုက်စနစ်များနှင့် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာခဲ့သည်။

အများသဘောတူမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန် တိုင်ပင်ညှိနှိုင်းမှု၊ စေတနာ့ဝန်ထမ်းမှု၊ ဘုံပွဲပိုးမှုနှင့် မျှဝေခံစားခွင့်များနှင့် ကုလသမဂ္ဂပဋိညာဉ် စာတမ်းနှင့် နိုင်ငံတကာ ဥပဒေများကို လေးစားလိုက်နာခြင်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ကဏ္ဍစုံ၌ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် ဒေသတွင်း အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ရည်ရွယ်ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားအား ၂၀၁၅ ခုနှစ်၌ စတင်ထူထောင်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှု ယန္တရားမှတစ်ဆင့် ဒေသခွဲခြောက်နိုင်ငံရှိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ Lancang-Mekong ဂေဟစနစ်ဆိုင်ရာ ပတ်ဝန်းကျင်ကာကွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ ဒေသတွင်းပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအတွက် ဆွေးနွေးမှုပလက်ဖောင်းတစ်ခု ပံ့ပိုးခြင်း၊ ဒေသဆိုင်ရာသဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစွမ်းရည်ကို မြှင့်တင်ခြင်း၊ ဒေသတွင်း သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်သော စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်ရေးများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ်တွင် Lancang-Mekong Enviro-






Photo –Lancang-Mekong Environmental Cooperation Center

nmental Cooperation Center ကို တည်ထောင်ခဲ့သည်။

ထို့အပြင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း အနာဂတ် အကျိုးစီးပွားဖြစ်ထွန်းဖို့ ပြည်သူနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပူးပေါင်းမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ပင်မအစီအစဉ် (GMS Core Environment Program) တို့ ပူးပေါင်း၍ မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အစည်းအဝေးများ၊ ဖိုရမ်များကို ဒေသတွင်းနိုင်ငံများ၌ အပြန်အလှန် ကျင်းပကြပြီး စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ မဟာဗျူဟာများ၊ မူဘောင်များရေးဆွဲခြင်း၊ Action Plan များ ရေးဆွဲခြင်း၊ ပေါ်လစီများချမှတ်ခြင်း၊ သဘောတူစာချုပ်များ ရေးထိုးခြင်း၊ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုများ၊ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ၊ တန်ဖိုးချိတ်ဆက်မှု (Value Chain) မှ တစ်ဆင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းများ၊ အစိမ်းရောင်ကုန်သွယ်မှုတွင် သဘာဝ အရင်းအမြစ်များအား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းများအတွက် ပူးပေါင်း ဆောင်ရွက်မှု အတွေ့အကြုံများ၊ အလေ့အကျင့်ကောင်းများကို အပြန်အလှန်ဖလှယ်ခြင်းဖြင့် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

> **"သစ်တောနယ်မြေများ (ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ) ကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းမည်"**

### နိုင်ငံတကာ ကတိကဝတ်များ

သစ်တောများပြုန်းတီးခြင်းကြောင့် ဖြစ်ပွားရသည့် ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ရန် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC) သို့ အဖွဲ့ဝင်နိုင်ငံများက တင်သွင်းကြရမည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် (Nationally Determined Contribution -NDC) ကို မြန်မာနိုင်ငံက ၂၀၂၂ ခုနှစ်တွင် တင်သွင်းခဲ့ပြီး ကာဗွန်ထုတ်လွှတ်မှု လျော့ချနိုင်ရေးအတွက် အဓိက လုပ်ငန်းကဏ္ဍများအနက် သစ်တောကဏ္ဍကို အဓိကလုပ်ငန်းကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းထားသည်။ သစ်တောနယ်မြေများ (ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ) ကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေး၊ သစ်တောများ အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာနှင့်အဝန်းတွင် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုအသိအမှတ်ပြု အလေးထားလာကြသည်ဖြစ်ရာ ကမ္ဘာ့ကုလသမဂ္ဂ၏ သစ်တောများဆိုင်ရာ နယူးယောက်ကြေညာချက် (၂၀၁၄) တွင် ကမ္ဘာ့အပူချိန် ၂ ဒီဂရီဆဲလ်ဆီးယပ် လျော့ချနိုင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေးရည်မှန်းပြီး ဆောင်ရွက်သွားရန်နှင့် တောနိမ့်တောပျက် ဟက်တာ သန်း ၂၀၀ ကို ပြန်လည်တည်ထောင်ထိန်းသိမ်းရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့နိုင်မည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလန်နိုင်ငံ ဂလပ်စ်ဂိုးမြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုကွန်ဗင်းရှင်း၏ (၂၆)ကြိမ်မြောက် ညီလာခံ (UNFCCC COP 26) တွင် ကမ္ဘာ့ခေါင်းဆောင်များ၏ သစ်တောနှင့် မြေအသုံးချမှုဆိုင်ရာကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး သစ်တောပြုန်းတီးမှုနှင့် မြေအတန်းအစား ကျဆင်းမှုတို့အား လျော့ချရန်နှင့် သစ်တောထိန်းသိမ်းရေးကို အတူတကွပူးပေါင်းကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် ကတိကဝတ်ပြုခဲ့ကြသည်။

၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ကုလသမဂ္ဂဂေဟစနစ်များ ပြန်လည်တည်ထောင်ရေးဆယ်စုနှစ် (United Nations Decade on Ecosystem Restoration)ဟု သတ်မှတ်ခဲ့ပြီး ဂေဟစနစ်များ ပြန်လည်တည်ထောင်ရေးကို ကမ္ဘာနှင့်အဝန်း တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရေး အမျိုးသားမြေအသုံးချမှု မူဝါဒ (၂၀၁၆) တွင် မြေသယံဇာတများသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက်ချမှတ်ပြီး အထူးအလေးထား စီမံအုပ်ချုပ်အသုံးချရမည့် အရင်းအမြစ်များ ဖြစ်ကြောင်းနှင့် မြေအရင်းအမြစ်များကို စနစ်တကျအသုံးချစီမံခန့်ခွဲနိုင်သည်နှင့်အမျှ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ပြည့်ဝလာစေရန် ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

ထို့ကြောင့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဖွဲ့စည်း တည်ထောင်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ ဆက်စပ်ဌာနများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သစ်တောပြုန်းတီးမှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သလို သစ်တောသယံဇာတများကို သားစဉ်မြေးဆက်တိုင်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

### လူသားအားလုံးကျန်းမာဖို့ သစ်တောသစ်ပင် ထိန်းသိမ်းစို့

သစ်တောများကအကျိုးပြုနေသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများသည် သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်ပြီး ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍ မရနိုင်အောင် အဖိုးတန်လှသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အထောက်အကူပြုနိုင်ရန် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် ဂေဟစနစ် တည်ငြိမ်ရေးတို့ကို အလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံနှင့်အဝန်း သစ်တောများဖုံးလွှမ်းလျက် စိမ်းလန်းစိုပြည်သာယာမှသာလျှင် ရာသီဥတု ကောင်းမွန်မျှတကာ စားရေရိက္ခာအထွက်တိုးပြီး တိုင်းပြည်သာယာဝပြောမည်ဖြစ်ကာ ပြည်သူလူထုအားလုံး ကျန်းမာရွှင်လန်းကြမည်ဖြစ်သည်။

သစ်တောများ ပြုန်းတီးမှုအန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများအောင်မြင်စေရန်မှာ သက်ဆိုင်ရာ အစိုးရဌာနများသာမက ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်မှုသာ အပြည့်အဝ အောင်မြင်မှု ရနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်သစ်များအတွက်၊ ကျွန်ုပ်တို့၏ ရှင်သန်နေထိုင်ရာ ကမ္ဘာမြေကြီးအတွက် ကျွန်ုပ်တို့အားလုံး သစ်တောများ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

- **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
- **GMS Environment Operations Center**
- **မြန်မာနိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆောင်းပါး**
- **လူသားအားလုံးကျန်းမာဖို့ သစ်တောသစ်ပင်ထိန်းသိမ်းစို့ ဆောင်းပါး**
- **စဉ်ဆက်မပြတ် ထိန်းသိမ်းကြရမည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဆောင်းပါး**

# ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) ဖြေဆိုလိုသူများအတွက် လျှောက်လွှာလက်ခံမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

၂၀၂၄ ခုနှစ် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) အား ဇူလိုင်လ ၇ ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

Online မှ လျှောက်လွှာလက်ခံမည့် လူဦးရေမှာ Level အားလုံးအတွက် လူဦးရေ ၄၀၀၀၀ ဖြစ်ပြီး Online လျှောက်လွှာ လျှောက်ထားရာတွင်System သို့ တစ်ပြိုင်နက်တည်း ဝင်ရောက်ခြင်း ထိန်းချုပ်နိုင်ရန် လျှောက်လွှာလက်ခံမည့်အချိန်ကို ကြိုတင်အသိပေးမည်မဟုတ်ပါ။ လျှောက်လွှာလက်ခံသည့်ကာလအတွင်း မိမိအဆင်ပြေသည့်ရက်တွင် Online System သို့ ဝင်ရောက်လျှောက်ထားနိုင်သည်။

ရန်ကုန်နှင့် မန္တလေးအတွက် Online System ဖြင့် လက်ခံခြင်းကို Level N1 အတွက် မတ် ၆ ရက်၊ ၇ ရက်နှင့် ၁၅ ရက်တို့တွင်လည်းကောင်း၊ Level N2 အတွက် မတ် ၆ ရက်၊ ၇ ရက်နှင့် ၁၅ ရက်တို့တွင်လည်းကောင်း၊ Level N3 အတွက် မတ် ၁၁ ရက်၊ ၁၂ ရက်နှင့် ၂၀ ရက် တို့တွင်လည်းကောင်း၊ Level N4 အတွက် မတ် ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၉ ရက်တို့တွင်လည်းကောင်း၊ Level N5 အတွက် မတ် ၇ ရက်၊ ၈ ရက်နှင့် ၁၈ ရက်တို့တွင်လည်းကောင်း လက်ခံမည်ဖြစ်သည်။

သင်တန်းကျောင်းများအတွက် ကြိုတင်စာရင်းပေးသွင်းခြင်းကို Google form မှတစ်ဆင့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အတွင်း ကြိုတင်စာရင်းပေးသွင်းရမည်။ သင်တန်းကျောင်းတစ်ကျောင်းလျှင် လျှောက်လွှာအစောင်ရေ အများဆုံး ၇၀ နှုန်းဖြင့်သာ ရောင်းချသွားမည်ဖြစ်သည်။

လျှောက်လွှာရောင်းချခြင်းကို ရန်ကုန်စာဖြေဌာနအတွက် ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၂ ရက်တွင်လည်းကောင်း၊ မန္တလေးစာဖြေဌာနအတွက် ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၁ ရက်တွင်လည်းကောင်း ရောင်းချမည်ဖြစ်သည်။ လျှောက်လွှာလက်ခံခြင်းကို ရန်ကုန်စာဖြေဌာနအတွက် မတ် ၄ ရက်နှင့် မတ် ၁၁ ရက်တွင်လည်းကောင်း မန္တလေးစာဖြေဌာနအတွက် မတ် ၄ ရက်နှင့် မတ် ၅ ရက်တွင်လည်းကောင်း လက်ခံမည်ဖြစ်သည်။

ရှင်သာမဏေ၊ ရဟန်းတော်၊ သီလရှင်နှင့် ၁၀ နှစ်အောက် ဖြေဆိုသူများအတွက် လျှောက်လွှာရောင်းချခြင်း၊ လက်ခံခြင်းတို့ကို Level အားလုံးအတွက် မတ် ၄ ရက်နှင့်မတ် ၆ ရက်တို့တွင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ Online System ဖြင့် လက်ခံခြင်း၊ သင်တန်းကျောင်းများအတွက် ရောင်းချခြင်း၊ လက်ခံခြင်းနှင့် ရှင်သာမဏေ၊ ရဟန်းတော်၊ သီလရှင်၊ ၁၀ နှစ်အောက် ဖြေဆိုသူများအတွက် ရောင်းချခြင်း၊ လက်ခံခြင်း စသည့်တစ်မျိုးစီအတွက် သီးသန့်အသေးစိတ်ရှင်းလင်းချက်များကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA) က ထုတ်ပြန်ကြေညာထားသည်။ **မျိုးမင်းသူရ**

## မချမ်းဘောမြို့နယ်၌ ၂၀၂၃-၂၀၂၄နှစ် ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲများ စတင်ဖြေဆို

**မချမ်းဘော ဖေဖော်ဝါရီ ၁၃**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲများကို ယနေ့နံနက်ပိုင်းမှစ၍ စတင်ဖြေဆိုလျက်ရှိသည်။



မချမ်းဘောမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၃၄ ကျောင်းတွင် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူအရေအတွက်မှာ KGတန်းတွင် ၂၄၀၊ Grade-1 တွင် ၂၉၂ ဦး၊ Grade-2 တွင် ၃၇၉ ဦး၊ Grade-3 တွင် ၃၆၃ ဦး၊ Grade-4 တွင်၂၆၄ ဦး၊ Grade-6 တွင် ၂၀၈ ဦး၊ Grade-7 တွင် ၇၃ ဦး၊ Grade-8 တွင် ၁၉၂ ဦး၊ Grade-10 တွင် ၁၀၂ ဦး၊ Grade-11တွင် ၈၀ တို့ဖြေဆိုမည်ဖြစ်သည်။

ဆက်လက်၍ ပူတာအိုခရိုင်စစ် မေးခွန်းဖြင့် Grade-5 တွင် ၂၅၂ ဦး၊ ပြည်နယ်စစ်မေးခွန်းများဖြင့်Grade-9တွင် ၂၅၉ ဦးတို့က ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်ထိ သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။ **ယောရှွေနီ(မချမ်းဘော)**

## မက်မန်းမြို့နယ်၌ လားဟူနှစ်သစ်ကူးပွဲတော် ရိုးရာအစဉ်အလာမပျက် ကျင်းပမည်

**မက်မန်း ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်းနေထိုင်ကြသည့် ဒေသခံလားဟူတိုင်းရင်းသားများသည် နှစ်စဉ် တပို့တွဲလဆန်း ၁ ရက်နေ့ကို လားဟူနှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ကာ နှစ်သစ်ကူးပွဲတော်များကို ရိုးရာအစဉ်အလာမပျက် ကျင်းပလေ့ရှိသည်။

ယခုနှစ် လားဟူးနှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ပွဲတော်မကျင်းပမီအချိန်တွင်လည်း ရှေးရိုးရာအစဉ်အလာနှင့်အညီ လားဟူတိုင်းရင်းသားတို့၏ နေအိမ်များ၌ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်ရည်ရွယ်၍ ခေါ်ပုတ်များထောင်ကာ ခေါ်ပုတ်မုန့်များ၊ ဝက်သားများဖြင့် သက်ကြီးဘိုးဘွားများအား ကန်တော့ခြင်း၊ တရားဟောဆရာတော်များအား ကန်တော့ခြင်း၊ ကျေးရွာများတွင် အုပ်ချုပ်သူများအား ကန်တော့ခြင်းနှင့် မိတ်ဆွေသင်္ဂဟများအား လက်ဆောင်ပေးခြင်းဖြင့် နှစ်စဉ်လားဟူပွဲတော်မတိုင်မီ ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။ **စောဥမ္မာ(ပြန်/ဆက်)**

## ဖလမ်းမြို့၌ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**ဖလမ်း ဖေဖော်ဝါရီ ၁၃**

ချင်းပြည်နယ် ဖလမ်းမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

ဆက်လက်၍ သဝဏ်လွှာဖတ်ကြားခြင်းကို အဆိုပါရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌက ဖတ်ကြားသည်။ **ရဲမြင့်အောင် (ပြန်/ဆက်)**

## ရွှေကူ၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေးထိုး

**ရွှေကူ ဖေဖော်ဝါရီ ၁၃**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ယနေ့နံနက်ပိုင်းမှစ၍ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ကာကွယ်ဆေးထိုးနှံရာတွင် အသက်ခုနစ်နှစ် မကျော်သော KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့-မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမများက ကာကွယ်ဆေးမထိုးမီ ကာကွယ်ဆေးထိုးနှံရန်မသင့်သည့်အခြေအနေများနှင့် ဆေးထိုးပြီးသည့် အခြေအနေများတွင် ဖြစ်ပေါ်တတ်သည့် လက္ခဏာများကို ရှင်းလင်းပြောကြားပြီး ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.moi.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၅၅၈ | ၄၈၅၄၆၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၃၅၈ | ၁၀၂၀၇၀၀ |
| MCB | ၆၉၀၀ | ၇၇၀၀ | ၇၂၆ | ၅၁၃၁၆၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၆၆၇ | ၁၀၂၇၂၅၀ |
| TMH | ၂၅၀၀ | ၂၄၀၀ | ၁၃ | ၃၁၅၀၀ |
| EFR | ၁၉၀၀ | ၁၈၅၀ | ၇၂ | ၁၃၀၈၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၈၆၇၀ | ၁၄၈၈၂၅၀၀ |

# ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS-TOPIK , Ubiquitous Based Test ) နှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test) ကျင်းပပြုလုပ်ရန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသား အလုပ်သမားများ ခန့်ထားမှုစနစ် (Point System for Recruitment of Foreign Workers)ကို မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်သည် အလုပ်လုပ်ကိုင်လိုသူ၏ ကိုရီးယားဘာသာစကားကျွမ်းကျင်မှု၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှင့် အတွေ့အကြုံများပေါ် စစ်ဆေးခြင်းဖြစ်ပြီး အထူးသဖြင့် မျက်စိအရောင်ခွဲခြားနိုင်မှုမရှိခြင်းနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းချက် တစ်ခုခုရှိနေခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အခြေအနေမျိုးတို့သည် စာမေးပွဲအောင်မြင်ခွင့်ရရှိမည်မဟုတ်ပါ။

၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်ဖြင့် ၁၆ ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲတွင် မြန်မာနိုင်ငံမှ လုပ်သားများအား ကိုရီးယားသမ္မတနိုင်ငံရှိ **ဝန်ဆောင်မှုလုပ်ငန်း**အတွက် တိုးချဲ့ခေါ်ယူမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် **ကျား/မ မရွေး** ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။ **ဝန်ဆောင်မှုလုပ်ငန်းအတွက် ဝင်ရောက်ဖြေဆိုမည့် အမျိုးသမီးများသည် ပညာအရည်အချင်း အနည်းဆုံး အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရပါမည်။**

**ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့အတွက်** ကိုရီးယားဘာသာ အရည်အချင်းစစ်ဆေးခြင်း(EPS-TOPIK)နှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)တို့ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

၁။ **ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းအမျိုးအစား | | | |
|---|---|---|---|---|---|
| | | ဝန်ဆောင်မှု | ကုန်ထုတ် | စိုက်ပျိုးရေးနှင့် မွေးမြူရေး | ဆောက်လုပ်ရေး |
| (က) | **ပထမအဆင့်** online စနစ်ဖြင့် စာမေးပွဲ လျှောက်လွှာ တင်သွင်းခြင်း၊ | ၄.၃.၂၀၂၄ မှ ၁၀.၃.၂၀၂၄ ထိ | | | |
| (ခ) | စာမေးပွဲကျင်းပမည့် နေ့ရက် နှင့် အချိန် ကြေညာခြင်း၊ | ၁၇.၄.၂၀၂၄ | | | |
| (ဂ) | ကိုရီးယားဘာသာ အရည်အချင်း စစ်ဆေးခြင်း (EPS-TOPIK) | ၂၄.၄.၂၀၂၄ မှ ၁၀.၅.၂၀၂၄ ထိ | | ၂၀.၅.၂၀၂၄ မှ ၂၆.၇.၂၀၂၄ ထိ | |
| (ဃ) | EPS-TOPIK စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာခြင်း | ၁၇.၅.၂၀၂၄ | | ၅.၈.၂၀၂၄ | |
| (င) | **ဒုတိယအဆင့်** အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test) အတွက် လုပ်ကိုင်နိုင်မှု အရည်အသွေး စစ်ဆေးမှု ခံယူရန်အထောက်အထားများတင်သွင်းခြင်း၊ | ၂၇.၅.၂၀၂၄ မှ ၃၁.၅.၂၀၂၄ ထိ | | ၇.၈.၂၀၂၄ မှ ၁၆.၈.၂၀၂၄ ထိ | |
| (စ) | အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test)အတွက် နေရာ၊ နေ့ရက်နှင့် အချိန် ကြေညာခြင်း | ၄.၆.၂၀၂၄ | | ၂၀.၈.၂၀၂၄ | |
| (ဆ) | အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test)နှင့် လုပ်ကိုင်နိုင်မှု အရည်အသွေး (Job Capacity Assessment) စစ်ဆေးခြင်း | ၁၀.၆.၂၀၂၄ မှ ၁၄.၆.၂၀၂၄ ထိ | | ၂၆.၈.၂၀၂၄ မှ ၁၃.၉.၂၀၂၄ ထိ | |
| (ဇ) | အပြီးသတ်အောင်စာရင်းကြေညာခြင်း | ၂၁.၆.၂၀၂၄ | | ၂၀.၉.၂၀၂၄ | |

မှတ်ချက် (၁) **ဖြေဆိုမည့်သူဦးရေပေါ်မူတည်၍ အထက်ဖော်ပြပါ အချိန်ဇယားပြောင်းလဲနိုင်ပါသည်။** စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားတစ်ခုကိုသာ (ဥပမာ**"ကုန်ထုတ်လုပ်ငန်း"**ဟု)ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြု ဖြည့်စွက်ရပါမည်။

(၂) ဖြေဆိုသူများရရှိသည့် ရမှတ် အများ၊ အနည်းအလိုက် အောင်မြင်မှုဦးရေ သတ်မှတ်ချက်အရ အောင်စာရင်း ထုတ်ပြန်၍ အလုပ်လျှောက်လွှာတင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၂။ **လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်မှုဦးရေ(ခန့်မှန်း)**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် | အောင်မြင်သူဦးရေ (ခန့်မှန်း) | |
|---|---|---|---|
| ကုန်ထုတ်လုပ်ငန်း | အမှတ်ပြည့်(၁၀၀)အနက် အမှတ်(၅၅)နှင့်အထက် | | ၉,၆၁၇ |
| စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၉၀)အနက် အမှတ်(၃၆)နှင့်အထက် ရရှိသူများအား အမှတ်အများ၊ အနည်းအလိုက် | | ၂၃၃ |
| ဆောက်လုပ်ရေးလုပ်ငန်း၊ | | | ၁၈၂ |
| ဝန်ဆောင်မှုလုပ်ငန်း | | အုပ်စု(၁) | ၇၀ |
| | | အုပ်စု(၂) | ၃၃၀၆ |

၃။ **ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS-TOPIK) အောင်မြင်သူများအား အခြေခံကျွမ်းကျင်မှု (Skills Test) နှင့် လုပ်ကိုင်နိုင်မှု အရည်အသွေး (Job Capacity Assessment) စစ်ဆေးခြင်း**

ပထမအဆင့် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS-TOPIK)အောင်မြင်သူများအားလုံးသည် ဒုတိယအဆင့်အနေဖြင့် အခြေခံကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း (Skills Test) ခံယူရမည်ဖြစ်ပြီး ဖြေဆိုသူများရရှိသည့် စုစုပေါင်းရမှတ် အများ အနည်းအလိုက် အောင်မြင်မှုနှုန်းသတ်မှတ်ချက်အရ အပြီးသတ် အောင်စာရင်းထုတ်ပြန်မည်ဖြစ်သည်။ (အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခြင်းစာမေးပွဲ လျှောက်ထားဖြေဆိုခြင်းမရှိသူများ အပြီးသတ်အောင်စာရင်းတွင် ပါဝင်မည်မဟုတ်ပါ။) အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခံရန် လျှောက်လွှာတင်သွင်းရာတွင် လျှောက်ထားသည့်လုပ်ငန်းနှင့် သက်ဆိုင်သော နိုင်ငံအဆင့်ကျွမ်းကျင်မှုလက်မှတ်၊ အသက်မွေးဝမ်းကျောင်း သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံ (တစ်နှစ်နှင့်အထက်) ရှိသူများသည် သက်ဆိုင်ရာ အထောက်အထားများ ပူးတွဲတင်ပြရန်ဖြစ်သည်။ ထိုသူများအတွက် လုပ်ကိုင်နိုင်မှု အရည်အသွေး (Job Capacity Assessment) စစ်ဆေးမှုပြုလုပ်မည်။ သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံမရှိပါက ပူးတွဲတင်ပြရန်မလိုပါ။ သင်တန်းအောင်လက်မှတ် လုပ်ငန်းအတွေ့အကြုံ အထောက်အထားများကို သတ်မှတ်ကြေညာပေးမည့် ပုံစံအတိုင်း ပြုစုတင်ပြရမည်။ ထိုသို့တင်ပြရန် အသေးစိတ်အချက်အလက်များကို စာမေးပွဲ အောင်စာရင်းကြေညာသည့်နေ့တို့တွင် ထပ်မံ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

၄။ **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် အမှတ်ပေးစည်းမျဉ်း**

| လုပ်ငန်း အမျိုးအစား | ပေးမှတ် စုစုပေါင်း | EPS-TOPIK | ကျွမ်းကျင်မှု စစ်ဆေးခြင်း | လျှောက်ထားသည့် လုပ်ငန်းလုပ်ကိုင်နိုင်မှု အကဲဖြတ်အမှတ် | | | |
|---|---|---|---|---|---|---|---|
| | | | | ပေါင်း | လုပ်ငန်း အတွေ့ အကြုံ | အသက် မွေးဝမ်း ကျောင်း သင်တန်း | နိုင်ငံအဆင့် ကျွမ်းကျင်မှု လက်မှတ် |
| ကုန်ထုတ် | ၂၀၀ | ၁၀၀ မှတ် | ၁၀၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |
| ဆောက်လုပ်ရေး | ၂၀၀ | ၉၀ မှတ် | ၁၁၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |
| စိုက်ပျိုးရေးနှင့် မွေးမြူရေး | ၂၀၀ | ၉၀ မှတ် | ၁၁၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |
| ဝန်ဆောင်မှု | ၂၀၀ | ၉၀ မှတ် | ၁၁၀ မှတ် | ၅ | ၃ မှတ် | ၁ မှတ် | ၁ မှတ် |

၅။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
(၁၉၈၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှ ၂၀၀၆ ခုနှစ် မတ်လ ၄ ရက်နေ့အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/ မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ၊

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ ပြန်ပို့ခြင်းမခံရသူ၊ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)

(ဃ) E-9, E-10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့် မရှိပါ၊

(င) ကျန်းမာရေးကောင်းမွန်သူ၊ အရောင်များ ကောင်းစွာခွဲခြား သိမြင်နိုင်စွမ်းရှိသူ (Colour Blind မဟုတ်သူ)။
(ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၆။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

သင့်အပေါ်၌ တရားလိုဒေါ်အေးအေးသန်းက“ဆန်အိတ်၊ ဓာတ်မြေဩဇာနှင့် အဝတ်အထည်ဖိုး ကြွေးကျန်ငွေ (၁၆၇၀၀၀၀၀ိ/-) (ကျပ်တစ်ရာ့ခြောက်ဆယ်ခုနစ်သိန်း)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင် မလာရောက်ပျက်ကွက်လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**
**ခရိုင်တရားသူကြီး**
**ကျုံပျော်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ဝေါမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ဦးတင်စိုး **နှင့်** ၁။ ဒေါ်ဆောင်းတင်
၂။ ဦးစိုးလှိုင်
၃။ ဦးကြည်စိုး
၄။ ဦးသန်းစိုး
**တရားလို** **တရားပြိုင်များ**

ဝေါမြို့နယ်၊ အောက်ကွေ့ကြီးကျေးရွာ ရပ်နေ အမှတ် ၃။ တရားပြိုင် ဦးကြည်စိုး(ဘ)ဦးမူနှင့် အမှတ်-၄။ တရားပြိုင် ဦးသန်းစိုး(ဘ)ဦးမူတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးတင်စိုးက"အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ဇာသွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဝေါမြို့နယ်တရားရုံး**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

## အမှတ်တံဆိပ်မူပိုင်ခွင့်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အုတ်ပုံဆိပ်လမ်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် တည်ရှိသော မြတ်မဟာသောက်ရေသန့်စက်ရုံသည် အောက်တွင်ဖော်ပြပါရှိသော အမည်နှင့် အမှတ်အသားအား သောက်ရေသန့်အမှတ်တံဆိပ်မူပိုင်အဖြစ် သုံးစွဲရန် ရည်ရွယ်ကာ မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဖန်တီးထားခြင်း ဖြစ်ပါသည် –

**“မြတ်မဟာ”**သောက်ရေသန့်အမည်ဖြင့် WIPO(Nice Classification N0:32)ဖြင့် အသေးစိတ်ဖော်ပြပါရှိသော အမျိုးမျိုးကို သောက်ရေသန့် ထုတ်လုပ်၍ ရေသန့်ဘူးအရွယ်အစားအမျိုးမျိုးအား အထက်ပါအမှတ်အသားကို တစ်ဦးတည်းမူပိုင်ခွင့် မှတ်ပုံတင်သွင်းကာ ရေသန့်ဘူးများ ထုတ်လုပ်ရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အထက်ပါ **“မြတ်မဟာ”** သောက်ရေသန့် အမည်အမှတ်အသားနှင့် ဆင်တူယိုးမှား အမည်တူလုပ်ငန်း အမျိုးအစားတူများရှိခဲ့ပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ မူပိုင်ခွင့်(မှတ်ပုံတင်) ခွင့်ပြုထားသည့် အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမင်းမင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၅/၂၀၂၃) LL.B, DBL**
**အမှတ်(ဝ–၃)၊ ကံကော်ရိပ်မွန် (၂)၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊**
**အုတ်ပုံဆိပ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း–၀၉–၂၅၀၁၁၅၂၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ–၃၂၂၅၁)ရှိ ဒေါ်ခင်သန်းရီ (ဘ)ဦးဘမောင် ၉/မထလ(နိုင်)၀၇၉၁၁၂ အမည်ပေါက် မြေကွက်အား ဒေါ်ခင်သန်းရီထံမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၅၁၈၅/၂၀၂၃ )၊ (၂၃–၁၁–၂၀၂၃)ရရှိ ထားသူ ဒေါ်ခရေမင်းဆောင် (ဘ)ဦးမင်းဆောင် ၇/ရကန(နိုင်)၀၀၀၀၉၆ မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ခရေမင်းဆောင် (ဘ)ဦးမင်းဆောင် ၇/ရကန(နိုင်)၀၀၀၀၉၆အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက် အမှတ်(ဒ–၃၂၂၄၇)ရှိ ဒေါက်တာခင်သပြေ (ဘ)ဦးသိန်းငွေး ၉/ခအဇ(နိုင်)၀၁၂၇၃၅ အမည်ပေါက် မြေကွက်အား ဒေါက်တာခင်သပြေထံမှ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၀၇၅၈/၂၀၂၃)၊ ၃၀–၁၁–၂၀၂၃ ရရှိထားသူ ဒေါ်ခရေမင်းဆောင် (ဘ)ဦးမင်းဆောင် ၇/ရကန(နိုင်)၀၀၀၀၉၆ မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း) တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ခရေမင်းဆောင် (ဘ)ဦးမင်းဆောင် ၇/ရကန(နိုင်)၀၀၀၀၉၆ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ကွက်နေ ကျွန်မဒေါ်သန်းငွေး၏သား မောင်သော်ဇင်ဖြိုး ၉/ညဥန(နိုင်)၂၅၆၄၂၆ သည် မိဘ၏ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဒေါ်သန်းငွေး ၉/ညဥန(နိုင်) ၀၂၈၁၆၃**
**သီရိပစ္စယာရပ်ကွက်၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊**
**ညောင်ဦးခရိုင်၊ မန္တလေးတိုင်းဒေသကြီး။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## ဈေးများဌာန
## ကော်မတီပိုင်ဆိုင်ခန်းများအဖြစ် သတ်မှတ်ကြောင်းကြေညာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးနှင့် အောင်ဇမ္ဗူဈေးတို့တွင် ဆိုင်ခန်းရှင်များသည် အကြောင်းအမျိုးမျိုးကြောင့် ဆိုင်ခန်းများ ဖွင့်လှစ်မှုမရှိဘဲ ဆိုင်ခန်းငှားရမ်းခ (ဆိုင်ခန်းခွန်)များပေးသွင်းရန် ပျက်ကွက်မှုဖြစ်ပေါ်နေသဖြင့် ယာယီပိတ်သိမ်းထားသော ဆိုင်ခန်း(၂)ခန်းအား ပြန်လည်ရယူဖွင့်လှစ်လိုပါက ၃၀–၁၁–၂၀၂၃ရက် နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားရန်နှင့် သတ်မှတ်ရက်အထိ လာရောက်ဆက်သွယ်လျှောက်ထားခြင်းမရှိပါက ကော်မတီပိုင်ဆိုင်ခန်းများအဖြစ် သတ်မှတ်သိမ်းယူမည်ဖြစ်ကြောင်း ၂–၁၁–၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ NPTDC Webportal နှင့် NPTDC (Facebook Page)၊ ဈေးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း ကြေညာခဲ့သော်လည်းအောက်ဖော်ပြပါ ဆိုင်ခန်း(၂)ခန်းသည် သတ်မှတ်ရက်အထိ လာရောက်ဆက်သွယ်လျှောက်ထားခြင်းမရှိပါ–

| စဉ် | ဈေးအမည် | အမည် | ဆိုင်ခန်းအမှတ် |
|---|---|---|---|
| (က) | သပြေကုန်းဈေး | ဒေါ်သင်းသင်းစိုး | ရုံ–၂၈(၁၅၂) |
| ( ခ ) | အောင်ဇမ္ဗူဈေး | ဒေါ်အေးအေးခိုင် | E–၃၉ |
| | စုစုပေါင်း | ဆိုင်ခန်းရှင်(၂)ဦး | ဆိုင်ခန်း(၂)ခန်း |

၂။ သို့ဖြစ်ပါ၍ ဆိုင်ခန်းများပြန်လည်ဖွင့်လှစ်ရန် သတ်မှတ်ရက်အထိ လာရောက်ဆက်သွယ်လျှောက်ထားခြင်းမရှိသော အပိုဒ်–၁ ပါ ဆိုင်ခန်း(၂)ခန်းအား နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီပိုင် ဈေးများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းများ အပိုဒ်–၁၄၊ ၁၅ အရ ဆိုင်ခန်းအငှားချထားခြင်းမှ ပယ်ဖျက်၍ ကော်မတီပိုင်ဆိုင်ခန်းများအဖြစ် သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ–၃၂၂၄၉)ရှိ ဒေါ်သဇင်နွယ်ရည် (ဘ)ဦးသန်းရည် ၁၁/ကဖန(နိုင်)၀၂၈၅၈၉ အမည်ပေါက် မြေကွက်အား ဒေါ်သဇင်နွယ်ရည်ထံမှ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၀၄၇၅/၂၀၂၃)၊ (၂၉–၁၁–၂၀၂၃)ရရှိထားသူ ဒေါ်ခရေမင်းဆောင် (ဘ) ဦးမင်းဆောင် ၇/ရကန(နိုင်)၀၀၀၀၉၆ မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ခရေမင်းဆောင် (ဘ)ဦးမင်းဆောင် ၇/ရကန(နိုင်)၀၀၀၀၉၆ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် နှင့် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ မြေကွက်အမှတ် (၁၀)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်နေသော အလျား ၂၅ ပေ x အနံ ပေ ၅၀ ရှိ သတ္တမထပ်(၈)လွှာ (Pep house) အပါအဝင် ကွန်ဒိုတိုက်ခန်းကို မြေရှင်(ကန်ထရိုက်တာ) ဦးတင်ထွန်း ၁၂/ဒပန(နိုင်)၀၀၄၄၀၄ ထံမှ ယခုတိုက်ခန်းရောင်းချသူ ဒေါ်ဝင်းသန်း ၁၄/မအပ(နိုင်)၁၂၀၉၇၈ က အခန်းပျောက်အရစ်ကျစနစ်ဖြင့် ဝယ်ယူထားရှိပြီး အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် (Pep house)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ဦးအောင်သူ ၁၄/မမန(နိုင်)၂၆၂၆၄၆၊ ဒေါ်မြတ်မိုးသွယ်အောင် ၁၂/ပဇတ(နိုင်)၁၂၆၆၆၁ တို့က တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါလွင်(LL.B) အထက်တန်းရှေ့နေ(၂၄၅၂၆)**
**အမှတ်(၆၄၀/ခ) ပဉ္စမထပ်၊ ၆လွှာ၊ စစ်ကိုင်းလမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၄၅၁၃၆၅၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂–တောင်၊ မြေကွက်အမှတ်(၉၂၁–ခ)၊ မာန်ပြေ(၃)လမ်းအရှေ့၊ မြေအကျယ်အဝန်း ပေ(၂၀ x ၆၀)ပေါ်တွင်တည်ဆောက်ထားသော အဆောက်အအုံအမှတ်(၉၂၁–က)၊(၁)ခန်းတွဲ (၅)ထပ်အဆောက်အအုံမှ ပထမထပ်(၂)လွှာ အကျယ်အဝန်း(၁၈ ပေ x ၅၅ ပေ) ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် အခိုင်အမာတွယ်ကပ် တပ်ဆင်ထားသောပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အား ကန်ထရိုက်တာ မိုဟာမဒ်(ခ)ဦးတင့်လွင်(AKB–၂၃၁၂၉၂)ထံမှ ပိုင်ဆိုင်မှုဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးခိုင်ဇော် ၁၂/ပဇတ(နိုင်)၀၃၆၉၂၇ မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေရည်မြတ် အထက်တန်းရှေ့နေ(စဉ်–၄၁၀၂၆) (LL.B, DBL, DIT)**
**အမှတ်–၉၁၃၊ စိန်ပန်းမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၃၂၇၂၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရိယာ ၀ ဒသမ ၁၁၀ ဧကရှိဒေါ်အေးအေးမိုး ၁၂/အစန(နိုင်)၁၅၁၆၃၆ (ဘ)ဦးမာမက်(ခ)စိုးမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၂၃၄၁၂)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၁၂၄၆/၂၀၂၃(၂၈–၆–၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်ကိုကိုဝင်း ၁၄/မအန(နိုင်)၁၅၀၅၀၆ (ဘ) ဦးသိန်းလှိုင်မှ ဒေါ်ထူးထူးမွန် ၁၂/ဥကမ(နိုင်)၁၂၇၇၇၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိတပ်ကြပ်ကြီးအေးသိန်း (ကိုယ်ပိုင်အမှတ် ၅၉၃၉၄၁) ၁၂/ဗတထ(နိုင်)၀၀၅၃၂၇ (ဘ) ဦးမောင်ရွှေ အမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(င)၃၀၁၁ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သီသီစိမ်း ၁၂/ဗတထ(နိုင်)၀၀၅၃၄၁ (ဘ) ဦးကျော်ဝေမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုး ပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးအေးသိန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေကွက်နှင့်နေအိမ်ဝယ်ယူပြီးဖြစ်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ မြေကွက်အမှတ်(၅၄)၊ အိမ်အမှတ်(၄၁၂)၊ ဘုရင့်နောင်လမ်း၊ (၃၉/အေ)ရပ်ကွက်၊ ပေ(၄၀ x ၆၀)အကျယ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်ထွားရင် ၁၂/ကတတ(နိုင်)၀၁၈၁၇၅၊ ဒေါ်မြတ်သီတာအေး ၁၂/ကတတ(နိုင်)၀၁၈၁၇၇မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြတ်စန္ဒာဝင်း ၁၂/ကတတ(နိုင်)၀၁၈၁၇၆ ကလည်း ၁၂–၂–၂၀၂၄ ရက်က နှစ်ဦးသဘောတူ မြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြတ်စန္ဒာဝင်းမှ လွှဲပြီးအခြားမည်သူမျှ လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဒေါ်ကြည်လပြည်ဝန်း** | **ဒေါ်သွယ်ဇင်အေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၀၆၀၅/၂၀၁၅)** | **(စဉ်–၅၁၉၂၄/၂၀၁၉)** | **(စဉ်–၅၄၇၅၂/၂၀၂၂)** |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈/မင်းကြီးရန်အောင်၊ ဦးပိုင်အမှတ် (၁၁၅)၊ ဦးရောကျော်တင် (ဘ) ဦးကျော်တင် ၉/တကန(နိုင်)၁၀၀၀၃၉ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်၊ ဧရိယာ ၀ ဒသမ ၂၀၀ ဧကအနက်မှ ၀ ဒသမ ၀၆၈ ဧကအား ဒေါ်တင်မာအောင် (ဘ)ဦးမြင့်ရွှေ ၉/တကန(နိုင်)၁၁၉၂၇၆ နှင့် ဦးပိုင်ခွဲမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီးမြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈/မင်းကြီးရန်အောင်၊ ဦးပိုင်အမှတ် (၁၅၂ᵏ)၊ ဧရိယာ ၀ ဒသမ ၁၀၅ ဧကအား ဒေါ်သူဇာစိုး (ဘ)ဦးစိုးနိုင် ၉/တကန(နိုင်)၂၅၄၆၂၂ မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ အမှတ် (၂၈၈/၂၀၂၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်အမှတ် (ပ–၂၃၉၅၄) ကို အမည်ပေါက် ဦးလှဒင် (ဘ)ဦးရှိန် ၁၂/ဒဂန(နိုင်)၀၀၇၉၈၉ မှ ဦးစိုးမိုးလွင် (ဘ) ဦးစိန်ညွန့် ၁၂/သဃက(နိုင်)၀၃၇၈၄၇ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်79W/30964 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၄/ဟသတ(နိုင်)၀၈၁၇၅၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 57W/75679 Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုမင်း ၁၄/ဟသတ(နိုင်)၆၆၂၀၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/95713 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၄/ဟသတ(နိုင်)၀၈၁၇၅၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား၊ များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘသွင်
## အငြိမ်းစား သံအမတ်ကြီး
## အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန
## အသက်(၉၂)နှစ်

တောင်တွင်းကြီးမြို့နေ (ဦးမောင်ငယ်-ဒေါ်သိန်းမေ)တို့၏သားကြီး၊ ဒေါ်ခင်သင်းကြူ (ဒေါ်ခင်လှကြည်)၊ ဦးမြသွင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ်၁၇(က)၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၃)၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်သိန်းတင့်(ခ)ဒေါ်သီလစာရီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှိုင်မြင့်-ဒေါ်မိုးမိုးဆွေ၊ ဦးညဏ်လင်း-ဒေါ်Wei-Wei Tay တို့၏ ချစ်လှစွာသောဖခင်၊မောင်အုပ်စိုးအောင်၊ Matthew Lin, Ethan Lin, မောင်ဟိန်းထက်နိုင်တို့၏ ချစ်လှစွာသောအဘိုး ဦးဘသွင်သည် ၁၃-၂-၂၀၂၄ရက်၊(အင်္ဂါနေ့) နံနက် ၃:၁၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၄ ရက်၊ (ကြာသပတေးနေ့)၊ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်ခန်းမအသစ်မှ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်လှ(ခ)ယူကင်လျှမ်း
## အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ အမှတ် 68(ခ) သမာဓိ (၆)လမ်း၊ မရမ်းကုန်းမြို့နယ်နေ (ယူအောကော်-ဒေါ်ကျင်မြ)တို့၏သမီး၊ (ဦးဘင်ငါး-ဒေါ်ကျင်ဖြူ)တို့၏သမီးချွေးမ၊ (ဦးဝင်းမောင်)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ရွှေ-ဒေါ်စန်းစန်းရီ၊ ဦးကျော်ညွန့်-ဒေါ်မြင့်မြင့်စိန်၊ Dr. အောင်မြင့်-Dr. ခင်မြင့်ကြည်၊ ဒေါ်စန်းစန်းငွေ၊ ဦးအောင်မြတ်ကျော်-Dr. လှဲ့လှဲ့ခိုင်၊ ဦးစန်းလှိုင်-ဒေါ်သီတာဝင်း၊ ဦးကျော်ကျော်-ဒေါ်ခင်ဖြူဖြူဝင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ မြေး (၁၇)ယောက်၊ မြစ် (၄)ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်လှ(ခ)ယူကင်လျှမ်း၊ အသက် (၉၀) နှစ်သည် ၁၃-၂-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၁၅-၂-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးဖုကျန့်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်လှ(ခ)ယူကင်လျှမ်းအားရည်စူး၍ ၁၉-၂-၂၀၂၄ရက်တွင် ရန်ကုန်မြို့၊ အမှတ် 68(ခ)၊ သမာဓိ (၆)လမ်း၊ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ညှိုးငယ်စွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အထက(ဇောတိ) ကျောင်း Grade-5 မှ မမေသီမိဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းအောင် ၇/ရကန(နိုင်) ဝ၆၈၄၅၅ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းအောင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၃၃၃, New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၉/လဝန(နိုင်)၁၃၂၄၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/70090, ယာဉ်လက်ဝယ်ရှိသူဒေါ်သူသူဝင်း ၇/သနပ(နိုင်)၀၈၇၇၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/60968 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝါဆို၊ မြေကွက်အမှတ်-၄၁၄၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၀၊ အောင်တံခွန်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်မြင့် (၁၂/ဒပန(နိုင်)၀၁၂၆၃၁) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မြင့် (၁၂/ဒပန(နိုင်)၀၁၂၆၃၁)(ခင်ပွန်း)သည် (၂၇-၁၀-၂၀၀၇) ရက်တွင် ကွယ်လွန် ကြောင်းတင်ပြ၍ ဇနီးဖြစ်သူ ဒေါ်သန်းသန်းငွေ(ခ)ဒေါ်အမာ (၁၂/ဒပန(နိုင်)၀၁၂၆၃၀)မှ တရားဝင်ဇနီးဖြစ်ကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းသော တရားဝင်အမွေဆက်ခံသူအဖြစ် ကျန်ရစ်ပြီး အခြားအမွေဆက်ခံပိုင်ဆိုင်သူဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နှစ် (၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဦးတင်မြင့်၏သေဆုံးမှုလက်မှတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀) လမ်း၊ အမှတ်(၆၅၈)၊ မြေညီ B-1နေ ဒေါ်ဝေဝေစန်း ၁၂/အစန(နိုင်) ၂၀၅၉၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၄)၊ နွယ်နီ(၁) လမ်း၊ အမှတ်(၆၀၄)ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံအား တစ်ဦးတည်းပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကာ ဒေါ်အိဝါဝါလှိုင် ၁၀/သထန(နိုင်) ၁၃၃၄၄၇ထံမှ အဆိုပါမြေနှင့်အဆောက်အအုံကို ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ သည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းငွေ(ခ)ဦးအောင်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၈၃)(၈-၂-၂၀၂၂)**
**အမှတ်(၉/၁၁)၊ မြေညီ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၆၄၂၃၉၇၁**

## ဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီမ မိုင်မွန်နာ(ခ)ဒေါ်သန်းသန်းဦး
## အသက်(၅၈)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဦးသည် ၁၃-၂-၂၀၂၄ရက် နံနက်ပိုင်းတွင် ပင်လုံဆေးရုံကြီး၌ အလ္လာရှင်မြတ် အမိန့်တော်ခံယူသွားကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမျိုးမင်းဝင်း**
**ဒုတိယ ဥက္ကဋ္ဌ(ဗုဒ္ဓဘာသာ)**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးသီတာကို(တာမွေ)
## Y.E.S.C(စီမံဌာန)သဃ်န်းကျွန်း
## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဝန်ထမ်းအိမ်ရာနေ (ဦးကိုကိုကြီး)-ဒေါ်မြင့်မြင့်သန်းတို့၏သမီး၊ (ဦးမြငွေ)-ဒေါ်မြတင်တို့၏သမီး ချွေးမ၊ (ဦးအောင်ထူး)၏ဇနီး၊ မချောစုသွယ်၊ မောင်ရဲရင့်အောင်တို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ၁၃-၂-၂၀၂၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၄ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၂၄ရက်(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်းအသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ မဥ္ဇူလမ်း၊ အိမ်အမှတ်(၂၄၁)တွင် နေထိုင်ခဲ့သော ဒေါ်တင်တင်အေးသည် (၁၁-၁၀-၂၀၀၇)ရက်တွင် ကွယ်လွန်သွားပါသည်။ ၎င်း၏ သေဆုံးမှု လက်မှတ်အား (၂၅-၁၀-၂၀၀၇)ရက်တွင် ကွယ်လွန်သူ၏ မောင်ဖြစ်သူ ဦးမော်အား ထုတ်ပေးခဲ့ပါ သည်။ ယခုအခါ ကွယ်လွန်သူ ဒေါ်တင်တင်အေး၏ ကိတ္တိမ သမီးဖြစ်သူ ဒေါ်တင်နီအေးကျော် ၉/မရမ(နိုင်) ၀၃၀၈၉၁မှ သေဆုံးမှု လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီးရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်မြင့်ကြူ ၁၄/ဒဒရ(နိုင်) ၀၀၂၉၃၃ (ဘ)ဦးကျင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၂၉၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၂၅/၂၀၂၃ (၁၅-၃-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နေနေ ၆/ထဝန(နိုင်)၀၈၃၃၃၈ (ဘ)ဦးတင်ဝင်းမှ ဒေါ်သဉ္ဇာသိန်း ၁၀/သထန(နိုင်)၁၁၄၃၄၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန သို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်၊သမာဓိလမ်း၊ တိုက်အမှတ် ၁၁၇၄/၁၁၇၅၊ အခန်းအမှတ်(၀၁၁)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၄ပေX ၅၀ပေ) တိုက်ခန်းရှိ ကိုယ်ပိုင်မီတာ၊ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဝင်းသန်း ၁၂/တမန(နိုင်)၀၉၂၃၇၈ မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ် (၄၈)၊ ၇လွှာ(ယာ)၊သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၂၅၄၆၁၂၂၈၃**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဒုတိယဥက္ကဋ္ဌ(အစ္စလာမ်ဘာသာ) ဦးအောင်ဇော်ဝင်း၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဦး သည် ၁၃-၂-၂၀၂၄ရက် နံနက်ပိုင်းတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များနှင့် ရုံးအဖွဲ့ဝင်များမှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့**
**မိသားစုဝင်များ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်၊ နယ်မြေ (၄)နေ (ဘ)ဦးသိန်းတင်၏သား ဦးအေးကျန်ခိုင် (၁၃/ရစန(နိုင်)၀၀၁၁၆၆)၏ အမည်မှာ ဦးအေးကြံခိုင်၊ ဦးအေးကျန်ခိုင်၊ ဦးအေးကျန့်ခိုင် အမည် (၃)မျိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအေးကျန်ခိုင်**

### မိဘအမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဟွေးကျေးရွာအုပ်စု၊ အင်းမိုးကျေးရွာနေ အထက (၁) (ဗထူး) ကျောင်း Grade-10 မှ မရွှန်းနဒီ၏ မိဘအမည်မှန်မှာ ဦးထင်ဇော်-ဒေါ်ဖြိုးအိကိုကို (၇/ဖမန(နိုင်)၁၈၄၇၉၀)ဖြစ်ပါကြောင်း။

**ဦးထင်ဇော်-ဒေါ်ဖြိုးအိကိုကို**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၀၈၄)၊ ဧရိယာ ၀.၀၅၅ ဧကရှိ ဒေါ်ရီရီချို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၄၇၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုစန္ဒီအောင် ၉/မထလ(နိုင်) ၂၅၃၉၇၁မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးမျိုးမင်းထူး ၈/ရစက(နိုင်)၀၀၀၂၀၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် အသိပေးကြေညာခြင်း

ကွယ်လွန်သူ ဦးစိုင်းထန်ခမ်းမာနှင့် ဒေါ်သိန်းဥတို့တွင် ကျွန်ုပ်တို့ မိတ်ဆွေ ၁။ ဒေါ်လားထန်ဇားမီး ၊ ၂။ ဒေါ်ကုန်ထားရီး၊ ၃။ ဒေါ်ရှိရှားမောရီးတို့အပါ အဝင် သားသမီး(၇)ဦး ထွန်းကားခဲ့ပါသည်။

ကွယ်လွန်သူမိဘများမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၃/၈၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂၉၊ တောတိုက်၊ ဦးပိုင်အမှတ် ၁၃၉/၁၊ မြေအမျိုးအစား မြို့မြေ၊ ဧရိယာ(၀ဒသမ၁၅၂) ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မိဘ၏အမွေပစ္စည်းများအဖြစ် ကျန်ရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေများ၏ သဘောဆန္ဒခွင့်ပြုချက်မရရှိဘဲ အထက်ဖော်ပြပါ အမွေပုံပစ္စည်းများအပါအဝင် ၎င်းအမွေပုံပစ္စည်းများနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ထုခွဲရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ တနည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းများ မပြုလုပ်ရန်၊ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဒေါ်လားထန်ဇားမီး၊ ဒေါ်ကုန်ထားရီး၊ ဒေါ်ရှိရှားမောရီးတို့အနေဖြင့် ကန့်ကွက်ပါကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနိုးမှုန်** | **ဒေါ်ကျင်လျှန်းကျိန်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၇၇၅)** | **(စဉ်-၁၈၈၄၁)** |
| **နယ်မြေ(၁၁)၊ မြို့လှရပ်ကွက်၊** | **အမှတ်(၂/၆၄(ခ))၊ဂျိုးဖြူလမ်း၊** |
| **ကလေးမြို့** | **တပ်ဦးသီတာရပ်ကွက်၊** |
| | **ကလေးမြို့** |

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းနှင့် ဒေါ်သန္တာလင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်း(၁၂/အစန(နိုင်)၀၆၆၀၇၇)နှင့် ဒေါ်သန္တာလင်း (၁၂/အစန(နိုင်)၁၈၄၆၈၅)တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ (၂)လမ်း၊ အမှတ်(၃၉၃/က)၊ မြေအကျယ် ပေ(၃၀x၆၀)ရှိ အိမ်ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ဝေ(၁၂/ကမရ(နိုင်)၀၀၄၇၇၈)၊ ဦးအောင်မျိုးမြင့် (၁၂/အစန(နိုင်)၀၇၇၀၃၈)၊ ဒေါ်အေး အေးခိုင်(၁၂/အစန(နိုင်)၀၇၆၆၈၃)၊ ဒေါ်ခင်မာစီ(၁၂/အစန(နိုင်)၀၇၆၉၇၅)၊ ဒေါ်စိုးစိုးမြင့်(၁၂/အစန(နိုင်)၁၅၈၃၁၇) ဦးအောင်ကိုဦး(၁၂/အစန(နိုင်)၁၉၈၁၆၃)၊ ဒေါ်မာမာဆွေ(၁၂/အစန(နိုင်) ၁၃၄၃၀၃)တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းနှင့်ဒေါ်သန္တာလင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဇော်(LLB,D.B.L)** | **ဒေါ်ရည်မွန်အောင်(LL.B,D.B.L,D.I.L)** |
| **(စဉ်-၁၂၇၇၃)** | **(စဉ်-၁၃၈၃၉)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၆၈၈)၊စိန်တစ်ပွင့်လမ်း၊(ဒ ၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၃၃၈၂၆**

❖ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ် လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။




## ချယ်ဆီးအသင်း တိုက်စစ်ခြေစွမ်းပြကာ ပဲလေ့စ်ကို ဂိုးပြတ်အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၂၄) မှဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီခွဲက ပဲလေ့စ်အသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော ပဲလေ့စ်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် ချယ်ဆီးအသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပရိသတ် ၂၅၀၀၀ ကျော် လာရောက်ကြည့်ရှုသော အဆိုပါ ပွဲစဉ်တွင် ချယ်ဆီးအသင်းက သာလွန်သည့် ကစားဟန်ကို ပြသနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ချယ်ဆီးအသင်းက ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ် ၂၄ ပွဲ ကစားပြီး ၁၀ ပွဲနိုင်၊ ၁၀ ပွဲရှုံး၊ လေးပွဲ သရေကျထားသည့် အသင်းဖြစ်သည်။

ပဲလေ့စ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ၂၄ ပွဲတွင် ရှုံးပွဲ ၁၂ပွဲအထိရှိလာပြီဖြစ်ပြီး တန်းဆင်းဇုန်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာပြီဖြစ်သည်။

ဦးဆောင်ဂိုးကို ပဲလေ့စ်အသင်းက စတင်ရရှိခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရခြင်း ဖြစ်သည်။ ချယ်ဆီးအသင်းသည် လာမည့်ပွဲစဉ် နှစ်ပွဲတွင် မန်စီးတီး၊ လီဗာပူး စသည့်အသင်းကြီးများနှင့် ဆက်တိုက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အောင်ဇော်

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၂) ယနေ့ပြန်လည်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ခေတ္တရပ်နားထားသည့် MFF ဖူဆယ်လိဂ်–၁ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် (ယနေ့) ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၂) အဖြစ် ယနေ့ နံနက် ၈ နာရီတွင် ဖူဆယ်ချစ်သူအသင်းနှင့် လက်ဝဲသုန္ဒရအသင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Winner Soccer အသင်းနှင့် MIU အသင်း၊ နံနက် ၁၁ နာရီခွဲတွင် Generations အသင်းနှင့် Dream Team အသင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Futsal–19 အသင်းနှင့် VUC အသင်း၊ မွန်းလွဲ ၃ နာရီတွင် M2K အသင်းနှင့် လင်းလက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၁) အပြီးတွင် VUC အသင်းက ရမှတ် ၃၃ မှတ်ဖြင့် ဦးဆောင်နေပြီး MIU အသင်းက ၂၅ မှတ်၊ Winner Soccer အသင်းနှင့် Generations အသင်းတို့က ၂၃ မှတ်စီ၊ Futsal–19 အသင်းက ၁၆ မှတ်၊

*စာမျက်နှာ ၈ ကော်လံ ၁* ❖



(ယနေ့) *သ တင်း အ ညွှန်း*

**၂၀၂၃ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ**

ပြည်တွင်းသတင်း | စာ ၇



**ပြည်သူ့ရင်ပြင်၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် စက်မှုထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လာရောက်ဝယ်ယူ လည်ပတ်သူများနှင့် အထူးစည်ကား**

ပြည်တွင်းသတင်း | စာ ၁၁

**ရာသီဥတု ဆိုးရွားမှုကြောင့် ဒုတိယမြောက် ဒုံးပျံလွှတ်တင်မှုကို ဂျပန်ရွှေ့ဆိုင်း**



နိုင်ငံတကာသတင်း | စာ ၁၃